www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင်

ဓမ္မာနုပဿနာ ပခုက္ကူ ဆရာတော်ဘုရားကြီး

## ဘဒ္ဒန္တ ဣန္ဒောဘာသ မဟာထေရ်

ဟောကြားဆုံးမတော်မူအပ်သော

# "နီဝရဏဖယ်ရှင်း နိဗ္ဗာန်လင်း တရားတော်"

မြို့တော်စည်ပင် ဓမ္မာရုံ (၂၀၀၂ ခုနှစ်)

- 'ဉာဏ်' နဲ့ယှဉ်တဲ့ မနော ဖြစ်သွားတယ်...
- ဓမ္မနဲ့နေလေ့ရှိသည်ဆိုတာ...
- ပထမတန်း ဖြစ်အောင် လုပ်ရမယ်နော်...
- ရူပံ–ရုပ်ကို ကြဲဖြန့်ပစ်လော့ ဖျက်ဆီးပစ်လော့...
- သတ္တဝါလို့ယူရင် အာသဝေါဖြစ်ပြီ...
- အရှုတွေလွဲနေရင် ဓမ္မာနုပဿနာ မဖြစ်ဘူး...
- မြတ်စွာဘုရားကို သတ္တဝိနာသက' ပုဂ္ဂိုလ်ကြီးလို့ ဆိုကြတယ်။

သတ္တဝါမရှိသော အသိသည်သာလျှင် လိုရင်းဖြစ်သည်။

www.burmeseclassic.com

၇-၇-၂၀၀၂ မြို့တော်စည်ပင်ဓမ္မာရုံ

# “နီဝရဏဖယ်ရှင်း နိဗ္ဗာန်လင်း တရားတော်”

‘သံန္တံမေ အဇ္ဈတ္တံကာမစ္ဆန္ဒံ အတ္ထိမေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။
အဇ္ဈတ္တံ - အဇ္ဈတ္တ သန္တာန်၌ ၊ သန္တံ - ထင်ရှားရှိသော ၊ ကာမစ္ဆန္ဒံ - ကာမစ္ဆန္ဒကို ၊ မေ-ငါ၏ သန္တံမေ - သန္တာန်၌ ၊ အဇ္ဈတ္တံ - အဇ္ဈတ္တ၌ ၊ ကာမစ္ဆန္ဒံ - ကာမစ္ဆန္ဒသည်၊ အတ္ထိရှိ၏၊ ဣတိ - ဤသို့၊ ပဇာနာတိ- သိ၏တဲ့။

ကြားရတဲ့ဟာ၊ နံရတဲ့ဟာ၊ လျှက်ရတဲ့ဟာ ၊ထိရတဲ့ဟာတွေမှာ မျက်စိက မြင်ရင်တော့ ရူပါရုံပဲမှတ်။ နားကကြားရင် သဒ္ဒါရုံ၊ နှာခေါင်းကနံရင် ဂန္ဓာရုံ၊ လျှာကစားရင် ရသာရုံပေါ့၊ ဖောဋ္ဌဗ္ဗာရုံဆိုတာက ကိုယ်ကထိတာ။ အဲဒါ အာရုံငါးပါးပေါ့၊ ကိုယ်က ထိရင်ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံက ပထဝီ၊ တေဇော၊ ဝါယော ကို ခေါ်တာ ။ ပထဝီ၊ တေဇော၊ ဝါယောဟာလူလည်း မဟုတ်ဘူး။ နတ်လည်းမဟုတ်ဘူးတဲ့. . . ။

‘ဣတိ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟာရတိ’ တဲ့၊ ဆိုကြည့်စမ်း. . . . (ဣတိဓမ္မေသု ဓမ္မာနုပဿီ ဝိဟာရတိ)။ ဤကဲ့သို့ ဓမ္မတို့၌ ၊ တရားသဘောတို့၌ဓမ္မာနုပဿီတရားသဘောတို့ကိုရှုလေ့ရှိသည်ဖြစ်၍တဲ့။ တရားသဘောတို့၌ဆိုကာ ဘယ်ဟာတုန်းဆိုတော့ ‘ခန္ဓာ’ ပေါ့။ ခန္ဓာက ဘာတရား သဘောတုန်းဆိုတော့ သင်္ခတသဘောရတာပေါ့။ သင်္ခတသဘောပေါက်ရင် အသ်ခတနဲ့က နီးသွားပြီလို့ တရားနာပရိသတ်တို့ အဲလိုမှတ်ရတယ်။ (မှန်ပါဘုရား)။

မြင်တဲ့အာရုံကို ပရမတ္ထလို့ခေါ်တယ်။ အဲဒီ ပရမတ္ထရောက်လို့ရှိရင် ‘နိဗ္ဗတ္တိတ ပရမတ္ထ ဝသေန’ တဲ့။ ပညတ်မဖက် သက်သက်သော ပရမတ္ထ၏ အစွမ်းအားဖြင့်တဲ့။ ပညတ်မပါရဘူး၊ နာမည်တွေမပါရဘူး၊ နာမည်တွေမပါရဘူး၊ သဏ္ဍာန်တို့ မပါရဘူး. . . ။

‘ဆန္ဒ’ဆိုတာ ‘နာမည်’ ။ ကာမစ္ဆန္ဒက ဘာလို့ဖြစ်တာတုန်း ဆိုတော့ ဆန္ဒက ကာမနဲ့ သွားပေါင်းလိုက်တယ် ။ ဒါကြောင့် သူ့မှာ ကာမစ္ဆန္ဒရယ်လို့ ဖြစ်သွားတယ်။ တကယ်လို့ ကုသိုလ်နဲ့သာ သွားပေါင်းလိုက်ရင် ‘ကုသလာဆန္ဒ‘ ဆိုပြီးဖြစ်မှာပေါ့။ အဲဒီဆန္ဒက ကာမနဲ့သွားပေါင်းရတယ်။ အဲဒီကာမဟာဘာတုန်းဆိုတော့ ‘ဓမ္မ’ တဲ့ (မှန်ပါဘုရား)။

**‘ဉာဏ်’ နဲ့ယှဉ်တဲ့ မနောဖြစ်သွားတယ်. . .**

ဒီပြင်နေရာကြတော့ မနောတဲ့။ ‘မနဉ္စ ပဇာနာတိ၊ဓမ္မေစ ပဇာနာတိ ’ ဆိုတော့ ပဇာနာတိ ဆိုတာသိရတယ်လို့အဓိပ္ပါယ်ထွက်တယ်။ ဓမ္မေစ - ဓမ္မအာရုံတိုကိုလဲ၊ပဇာနာတိ- သိ၏တဲ့ ၊ အဲလိုသိရတယ်။

အခုဖြစ်နေတဲ့ မနောကြတော့ . . ‘မေ-ငါ၏ ၊ အဇ္ဈတ္တံ-အဇ္ဈတ္တ သန္တာန်၌ ကာမစ္ဆန္ဒော- ကာမစ္ဆန္ဒသည်

www.burmeseclassic.com

www.burmeseclassic.com

၊ အတ္ထိ - ရှိ၏၊ ဣတိ - ဤသို့၊ပဇာနာတိ - သိ၏။’ ’ ပဇာနာတိ ’ ဆိုတော့ ‘ဉာဏ်’ နဲ့ယှဉ်တဲ့မနောဖြစ် သွားတယ်တဲ့၊ (မှန်ပါဘုရား)။

အဲဒါကြောင့် ကာမစ္ဆန္ဒကိုသိတယ်. . . ကာမစ္ဆန္ဒကိုသိတယ် . . ’လို့ဆိုပေး၊ (မှန်ပါ့ဘုရား) ကာမ မပါဘဲဆန္ဒသက်သက်ကိုသိရင်လည်း သာကောင်းတာပေါ့။ ကာမပါတဲ့ဆန္ဒ ၊ ကာမမပါတဲ့ဆန္ဒ၊ ဥပမာ စျေးသွားချင်တယ်၊ ကျောင်းသွားချင်တယ်၊ အလုပ်သွားချင်တယ် . . အဲလိုဆန္ဒတော့သိကြတယ် အဲစျေး မသွားချင်တဲ့ဆန္ဒ၊ အလုပ်မသွားချင်တဲ့ဆန္ဒ၊ ကာမဂုဏ်မမှီဝဲချင်တဲ့ဆန္ဒမျိုးကိုကြတော့ ဆန္ဒရယ်လို့ သိပ် မသိကြဘူးတဲ့၊ (မှန်ပါဘုရား)။

အဲဒီဆန္ဒကိုလည်း သိအောင်လို့ မြတ်စွာဘုရားက ’နတ္ထိ မေအဇ္ဈတ္တံ အဇ္ဈတ္တံ - အဇ္ဈတ္တသန္တာန် ၌၊ မေ - ငါ၏၊ အဇ္ဈတ္တသန္တာန်၌ ၊ ကာမစ္ဆန္ဒော- ကာမစ္ဆန္ဒသည်၊ နတ္ထိ - မရှိ ။ ကာမဖြစ်တဲ့စိတ် ရှိရင် ရှိ တယ်လို့သိတဲ့။ ကာမဖြစ်တဲ့စိတ် မရှိရင် မရှိဘူးလို့သိတဲ့ ။ ဖြစ်နေတဲ့စိတ်သန္တာန်မှာ ဖြစ်ပေါ်နေတဲ့သဘော အတိုင်း အမှန်သိသိပေးပါတဲ့၊ (မှန်ပါ့ဘုရား)။

စိတ်မှာဖြစ်နေတဲ့ သဘောတရားတိုင်းဟာ ဓမ္မပါပဲ။ ‘ဓမ္မကိုလည်း သိရမယ်။ သူ့ကြောင့်ဖြစ်တဲ့ သံယောဇဉ်ကိုလည်းသိရမယ်။ ’ကိုယ့်သန္တာန်မှာ ဖြစ်မယ့် ဓမ္မလေးတွေ ဆန္ဒလေးတွေကို ‘သခ်တဓမ္မ’ လို့ ခေါ်တယ်။ အဲဒီဓမ္မလေးကို ရည်ရွယ်ပြီးတော့ ‘ဣတိ ဓမ္မေသု ဓမ္မာနုပဿီ’တဲ့. . ။ သံယောဇဉ်ကတော့ ကာမဓမ္မတွေဖြစ်သွားတယ်။ ကာမစ္ဆန္ဒပြီးတော့ ‘ဆန္ဒရာဂေါ’ လို့ဆိုတာရှိသေးတယ်။ ဆန္ဒမှာရာဂပါလာပြီး လာဖြစ်တယ်။ ဆန္ဒရာဂေါ- အဲဒီ ဆန္ဒရာဂ နဲ့ပါလာတဲ့ဆန္ဒကိုပယ်လိုက်တော့ ’ ဆန္ဒရာဂ ပဟာနံ ဆန္ဒရာဂဝိနယော ‘လာဖြစ်တယ်။

**အရိယာပုဂ္ဂိုလ်တို့၏ နေခြင်းပဲ. . .**

‘တွေ့ ဆန္ဒံ ဝိရာဇတွာ ၊ ဇဝံ ဒုက္ခံ ပမုစ္စတိ’ အဲဒီလို ဆန္ဒတွေလွတ်ကင်းမယ်ဆိုလို့ရှိရင် ဒုက္ခ တွေမှ လွတ်ကင်းမယ်တဲ့၊ ရာဂကို အဲလို ဂရုစိုက်ရတယ်။ ဒါကြောင့် ‘ဣတိ အဇ္ဈတ္တံဝါ ဓမ္မေသုဓမ္မာနုပဿီ ဝိဟာ ရတိ’ဆိုစမ်း (ဣတိ အဇ္ဈတ္တံဝါ ဓမေသု ဓမ္မာနုပဿီ ဝိဟာရတိ’ )အဲဒီလို နေမယ်ဆိုလို့ရှိရင် အရိယဝိဟာရီတဲ့) ဘာဖြစ်လို့လဲဆိုတော့ ’အနိဿိတောစ ဝိဟာရတိ’ တဲ့။ အနိဿိတော ဆိုတာမမှီမှု၍၊ ဝိဟာရတိ- နေတယ်တဲ့။ ရာဂတွေ၊ဆန္ဒတွေကိုမမှီဘဲနေတယ်တဲ့။အဲဒီလိုနေတာ ‘အရိယဝိဟာရ ’ခေါ် တယ်တဲ့။ အရိယာပုဂ္ဂိုလ်တို့၏ နေခြင်းပဲတဲ့။

‘မာတာယထာ နိယံပုတ္တံ’ ။ မိခင်က သားသမီးတွေ အပေါ် အဆိုးမမြင်ဘူး၊ဆရာတွေက တပည့် တွေအပေါ် အဆိုးမမြင်ဘူးတဲ့၊ အကောင်းမြင်တယ်ပေါ့။ အဲလို သတ္တဝါတွေအပေါ်မှာ အဆိုးမမြင်ဘဲရှု လို့ရှိရင် မိခင်ရှုတာမျိုးနှင့်တူလို့ အဲဒါကို ဗြဟ္မာဝိဟာရလို့ခေါ်တယ်။ ဘာလို့ခေါ်တုန်း ၊ (ဗြဟ္မာဝိဟာရပါဘုရား) ဗြဟ္မာကြီးနေတဲ့ပုံ ကဲ့သို့ နေတဲ့လူတဲ့ ။ အဲဒီလို နေနိုင်အောင်လည်း ကြိုးစားကြပါ။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုပဲဖြစ်ဖြစ် သူတကာတွေအပေါ် မှာ အဆိုးမမြင်ဘဲ အကောင်းပဲမြင်အောင် ကြိုးစားကြပါ။ မိမိကိုယ်ကို ဒေါသဖြစ်အောင် မနေနဲ့။ မိမိ ကိုယ် ကို ဒေါသဖြစ်လို့ရှိရင် 'သန္တံ ဝါ သန္တံ အဇ္ဈတ္တံ ဗျာပါဒံ' လို့ဆိုပေး. . (အဇ္ဈတ္တံ ဗျာပါဒံ၊ အဇ္ဈတ္တံ ဗျာပါဒံ. . ) ။ ရင်းနှီးအောင်လို့ဆိုခိုင်းကြည့်တာ။ လူတွေ ပါဠိလေးနဲ့ ရင်းနှီးသွားအောင်လို့၊ ဟုတ်လား ၊ (မှန်ပါဘုရား)။

'သန္တံ အဇ္ဈတ္တံ ဗျာပါဒံ' ဆိုကြည့်စမ်း (သန္တံ အဇ္ဈတ္တံ ဗျာပါဒံ)။ အဇ္ဈတ္တံ - အဇ္ဈတ္တ သန္တာန်၌။ အဇ္ဈတ္တသန္တာန်ဆိုရင် မျက်စိရော၊ နားရော၊ နှာခေါင်းရော၊ လျှာရောပါတယ်၊ အဲဒီတစ်ကိုယ်လုံး . . ၊ မနော ရောပါတယ်။ အားလုံးဟာအဇ္ဈတ္တ တွေပါဘဲ။ အားလုံး ဘာတုန်း၊ (အဇ္ဈတ္တတွေပါဘုရား)။ အဇ္ဈတ္တကိုဘာ မှန်းမသိဘဲ နေမှာစိုးလို့ ၊ အဇ္ဈတ္တဆိုတာ တစ်ကိုယ်လုံး၊ ဟုတ်ကဲ့လား။ အဲဒီ အဇ္ဈတ္တသန္တာန်၌တဲ့။ ဗျာပါ ဒေါ - ဗျာပါဒကို ၊ သန္တံ - ထင်ရှားရှိသော၊ အခုတော့မရှိသေးဘူး၊ ဟုတ်ကဲ့လား၊ (မှန်ပါဘုရား)။

ဗျာပါဆိုတာ ဗျာပါတွေများနေတယ်၊ အလုပ်ကိစ္စတွေများ နေတယ်ပေါ့။ မြတ်စွာဘုရားက အလုပ် ကိစ္စတွေနည်းရမယ် ၊ တာဝန်တွေနည်းရမယ်တဲ့။' အပ္ပကိစ္စောစ'ပေါ့။ သူ့မှာ တာဝန်တွေ များနေမယ်၊ ဗျာပါဒတွေများနေမယ်ဆိုရင် သူ့မှာ ဒေါသတွေ များနေမယ်။

ဒါကြောင့် အဇ္ဈတ္တံ -အဇ္ဈတ္တ သန္တာန်၌ ၊ သန္တံ - ထင်ရှားသော ၊ ဗျာပါဒံကို ဆိုတဲ့ အဲဒီ ' တံ' ကလေး ကို ဂရုစိုက်ရတယ်။ 'တံ'ကလေးကို ဂရုစိုက်ရတယ်။ အဲဒါအာရုံပဲ။ ဘာအာရုံတုန်းဆိုတော့ 'ခမွေ' တဲ့၊ ဗျာပါဒံလဲရတယ်။ခမွေလဲရတယ်တဲ့။ 'ခမွေစ ပဇာနတိ'နဲ့လည်း မကိုက်ဘူးလား (ကိုက်ပါတယ်ဘုရား)အဲဒီခမွေလေးကို သိပါဆိုမသိကြဘူး။ တစ်ခါတည်း ဆဲချင်ဆဲလိုက်တာပဲ။ဆိုချင် ဆိုလိုက်တာပဲ ။ ဝေါက်ချင် ဝေါက်ချင်ဝေါက်လိုက်တာပဲ၊ ဟုတ်မို့လား၊ (မှန်ပါဘုရား)၊ အဲဒါကြောင့် ဆဲချင်ရုံသာ ဆဲချင်ပါ၊ ဆိုစမ်း 'ဆဲချင်ရုံသာ ဆဲချင်ပါ၊ မဆဲလိုက်ပါနဲ့။ အဝိဇ္ဇာ ကြောင့်သာဆဲခြင်တာ ဝိဇ္ဇာမဆဲချင်။'

'ဝိဇ္ဇာဥဒပါဒိ၊ဉာဏံ ဥဒပါဒိ' လို့ဆိုလို့ရှိရင် မဆဲချင်တော့ဘူး၊ အဝိဇ္ဇာ ကြောင့် သူ့ဆဲချင်တာ ဖြစ် တာ။ အဲဒီ အဝိဇ္ဇာက ဘယ်သူ့အာရုံပြုတုန်းဆိုလို့ရှိရင် ထင်ရှားမရှိတဲ့လူတွေ ၊ ယောကျ်ားတွေ ၊ မိန်းမ တွေကို အာရုံပြုတယ်။အဝိဇ္ဇာက ဘယ်သူ့အာရုံပြုတယ် ထင်ရှားမရှိတဲ့ လူတွေ ၊ ယောကျ်ားတွေ ၊ မိန်းမတွေကို အာရုံပြုတယ်။ယောကျ်ားတွေ၊ မိန်းမတွေကို အာရုံပြုပြီဆိုရင် အဝိဇ္ဇာဖြစ်ပြီလို့ ဒီလိုသိ ဟုတ်လား၊ (မှန်ပါ့ဘုရား။)

ယောကျ်ားတွေ၊ မိန်းမတွေကိုကိုယ့်အာရုံထဲတစ်ခါတစ်ခါရောက်မလာဘူးလား။ (ရောက်လာပါတယ်ဘုရား)။ယောကျ်ားလေးမိန်းကလေးတွေကို အာရုံပြုပြီလို့ဆိုရင်ခလေးလေးပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ်၊အဝိဇ္ဇာ ဖြစ်ပြီလို့မှတ်၊ မှန်ပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com

## ဓမ္မနဲ့ နေလေ့ရှိသည်ဆိုတာ

ယောက်ျားလေး၊ မိန်းကလေးတွေကို အာရုံပြုတော့ သမ္မာဒိဋ္ဌိ မဖြစ်တော့ဘဲ အဲဒီ အဝိဇ္ဇာက သစ္စလေးပါးကို ဖုံးတယ်လို့ဆိုတာပေါ့၊ ဒါကြောင့် မိမိတို့ သန္တာန် မှာယောက်ျားတွေ မိန်းမတွေမရှိတာကိုပင် 'ဓမ္မေသု ဓမ္မာ နုပဿီ ဝိဟာရတိ' တဲ့။ ဆိုစမ်း (ဓမ္မေသု ဓမ္မာ နုပဿီ ဝိဟာရတိ)။

မိမိတို့သန္တန်မှာယောက်ျားတွေ မိန်းမတွေမရှိဘဲနေနေတာသည်ပင် 'ဓမ္မေသု ဓမ္မာ နုပဿီ ဝိဟာရတိ 'တဲ့၊ ဓမ္မနဲ့ နေတယ်တဲ့ (မှန်ပါ့ဘုရား၊)။ ဓမ္မနဲ့ နေလေ့ရှိသည်ဖြစ်၍ဆိုတာ အဲဒါပုဂ္ဂိုလ်ရတယ် ပုဂ္ဂိုလ်ဆိုရင်ဓမ္မာနုပဿီ ရတယ်။ 'ဓမ္မနုပဿနာ ' ဆိုရင် 'ဉာဏ်' ရတယ် နော်၊ (မှန်ပါဘုရား)။

ဓမ္မာနုပဿနာ ရှုပုံလေးက ငါ့စိတ်မှာ မနောမှာ ယောက်ျားတွေ၊ မိန်းမတွေနဲ့ မနေရင် ဝိဇ္ဇာပေါ့၊ နေရင် သူဟာ အဝိဇ္ဇာ ဖြစ်သွားပြီလို့ အဲလိုရှု။ အဲဒီအဝိဇ္ဇာက ဘာပြုလို့ဖြစ်တာတုန်းဆိုတော့ ယောက်ျားတွေ မိန်းမတွေနဲ့နေလို့ အဝိဇ္ဇာ ဖြစ်သွားတာ ၊ (မှန်ပါ့ဘုရား)။

'ပုဂ္ဂိုလ်မပါ ဓမ္မသာ ဓမ္မစက္ကာဖြစ်သတည်း' ဆိုရင် ပုဂ္ဂိုလ်သတ္တဝါတွေမရှိဘူး၊ မရှိတော့ ဘာရှိသလဲ ဆိုတော့ ဓမ္မသက်သက်ပဲရှိတယ်၊ (မှန်ပါ့ဘုရား)၊ ပုဂ္ဂိုလ်မပါဘဲနဲ့ဒီ ပထဝီဖဿလေးပဲ ရှုနေရင်တော့ တစ်ခါတည်း အဲဒီ အဝိဇ္ဇာဟာ ဝိဇ္ဇာကြီး ဖြစ်သွားတယ်။ အဲဒီ အဝိဇ္ဇာဟာ ဘာဖြစ်သွားတုန်း၊ (ဝိဇ္ဇာဖြစ်သွားပါတယ်ဘုရား)။ ဝိဇ္ဇာဉာဏ်ဖြစ်တော့ ဆဲကောဆဲချင်သေးလား၊ (မဆဲချင်တော့ပါဘုရား)။ မဆဲချင်တော့ရင် အနာဂါမ် ဖြစ်သွားပြီးတော့ သုဒ္ဓါဝါသဘုံကို ရောက်သွားတယ်။ အဲဒါပထမတန်း တရားတွေကို နာယူရလို့ လို့အဲဒီလို မှတ်ထား ၊ (မှန်ပါဘုရား)။

'ဓမ္မေသု ဓမ္မာနုပဿသီ ဝိဟာရတိ' အဲဒီလို 'ဓမ္မေသုနဲ့ ဓမ္မာနုပဿီ ဝိဟာရတိ'လို့ ဆိုလိုက်ရင်ပဲ အလွန်ထူးဆန်း မြင့်မြတ်သွားတယ်တဲ့၊ (မှန်လှပါဘုရား)။ ဒါကြောင့် ကိုယ့်ကိုယ်ကိုဓမ္မာ နုပဿီ' ဖြစ်အောင်လုပ်မယ်။ အဲဒီ ဓမ္မာနုပဿီက ဘာဖြစ်တာတုန်းဆိုတော့ ဓမ္မာ နုပဿနာ ရှိလို့ဖြစ်တာ ဓမ္မာနုပဿသီက ဘာပြုလို့ဖြစ်တုန်း ။ (ဓမ္မာနုပဿနာ ရှိလို့ပါဘုရား)။ ဓမ္မာနုပဿနာဆိုတာ ဘာတုန်း၊ (ဉာဏ်ပါဘုရား) ။ ဓမ္မာနုပဿသီကဘာတုန်း (ပုဂ္ဂိုလ်ပါဘုရား) အဲဒီလို ဂရုစိုက်ရမယ်။ အဲဒီလိုသိရမယ် (မှန်လှပါဘုရား)။

## ဗျာပါဒမရှိဘူး ဆိုတာနဲ့ 'အဇာတံ' မဖြစ်ဘူးဆိုတာနဲ့တူတယ်. . .

ပြီးတော့ မြန်မာလိုဗျာပါဒရှိသလား၊ ဆိုစမ်း . . (ဗျာပါဒ ရှိသလား)။ ဗျာပါဒမရှိဘူးလား။ (ဗျာပါဒမရှိဘူးလား)။ မရှိရင် ဘယ်နှယ့်နေမယ်၊ ငြိမ်နေမယ်။ ဗျာပါဒမရှိဘူးဆိုရင် ငြိမ်နေမယ်။ အဲဒီဗျာပါဒမရှိဘူးဆိုရင် ငြိမ်နေမယ်။ အဲဒီ ဗျာပါဒမရှိဘူးဆိုတာနဲ့ 'အဇာတံ' မဖြစ်ဘူး ဆိုတာနဲ့တူတယ်။ ဟုတ်ကဲလား ။ 'အဇာတံ အကတံ' ဆိုတာတွေ မသိဘူးလား။ အဓိပ္ပါယ်က ဖြစ်မလာဘူးတဲ့၊ အဲဒါဖြစ်

www.burmeseclassic.com

www.burmeseclassic.com

မလာတော့ မဖြစ်ဘူးဆိုတော့ 'အဇာတ တရား' ဆိုတဲ့နိဗ္ဗာန် ရှိတယ်တဲ့။ မင်းတို့ပြောသံကြားတယ်မဟုတ်လား၊ (မှန်ပါဘုရား)။

အဇာတတရားတဲ့။ ' အဇာတ' 'မဖြစ်တာ' ဘာတုန်း၊( နိဗ္ဗာန်ပါဘုရား)။အဲဒီလိုမှတ်ထား။အဲလိုအဲလိုအဓိပ္ပါယ်ကနီးလျက်နဲ့ဝေးဝေးနေတက်တယ်။မင်္ဂလသုတ်ကလည်း 'နိဗ္ဗာနံသစ္ဆိကရိယဥ္စ ဧတံမင်္ဂလမုတ္တမံ' လို့ဆိုတယ်။ ဆိုတာက နိဗ္ဗာန်ကိုမျက်မှောက်ပြု ရောက်သွားတယ်ဆိုရင် 'အရိယာသစ္စာန ဒဿနံ' ဖြစ်လို့ပဲရောက်သွားတာပေ့ါ။ အဲသလိုဂရုစိုက်နော်၊(မှန်ပါ့ဘုရား)။

**ပထမတန်းဖြစ်အောင် လုပ်ရမယ်နော် . . .**

'ကာမစ္ဆန္ဒ နီဝရဏ ၊ ဗျာပါဒ နီဝရဏ ' တဲ့။ နီဝရဏဟာ မကောင်းပါဘူး။ ကာမကလည်းမကောင်းပါဘူး။ 'အလယ်ခေါင်' ဖြစ်တဲ့ 'ဆန္ဒ' က 'သဉ်တ' တရား နော်၊ အဲဒီလို ဂရုစိုက်ရမယ်နော်။ တရားဆိုတာထိုးထွင်းရတယ်။ ဓမ္မပဋိသမ္ဘိဒါပေ့ါ။ (analytical) ခွဲခြမ်းရတယ်။ မခွဲခြမ်းဘဲနဲ့ စာတွေလျှောက်မဖတ်ရဘူး။ ဘုရားဟောထားတာတွေက သဗ္ဗညုတဉာဏ်ကြီးတွေနဲ့ဟောထားတာ။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဆည်းပူးပြီးရလာတဲ့ တရားကို ခင်ဗျားတို့က သာမညလေးလုပ်နေလို့ မဖြစ်ဘူးနော်။ဟုတ်ကဲ့လား ဒီတော့ပထမတန်းဖြစ်အောင် လုပ်ရမယ်။ အဲဒါလေးတွေကို အိမ်ကြရင်လဲ ဆိုဆိုနေပါ (မှန်ပါဘုရား)။

**'ကာမစ္ဆန္ဒ နီဝရဏ'** ၊ ဆိုစမ်း . . (ကာမစ္ဆန္ဒနီဝရဏ) ။ ဥပမာကာမစ္ဆန္ဒ နီဝရဏမှာ ကာမစ်က ကာမဆိုတာ ဘယ်လိုအဓိပ္ပါယ်၊ နီဝရဏ ဆိုတာ ဘယ်လိုဟာ ၊ အဲဒီ နီဝရဏမရှိရင် ဘယ်လိုပေ့ါ၊ အဲဒီလို တစ်ခုချင်းစီရဲ့ အဓိပ္ပါယ်ပေါ်အောင် ဖြည်းဖြည်းလေးစဉ်းစားရတယ်။ အဲဒီလို စဉ်းစားတဲ့ဟာက 'စိန္တာမယပညာ ' ခေါ်တယ်။ အဲဒီပညာက အလယ်မင်္ဂဉာဏ်တွေကို သွားကျေးဇူးပြုတယ်။ ကာမရာဂ နည်းဖို့၊ဗျာပါဒနည်းဖို့အတွက် သွားကျေးဇူးပြုတယ် ဟုတ်လား။ အဲဒါတွေကို ဂရုစိုက်နော်၊ (မှန်ပါဘုရား)။

**အဲဒါ ကာမတွေပဲလို့ သိရုံသိရတယ်. . .**

'ကာမစ္ဆန္ဒနီဝရဏ'တဲ့ . . ဆိုကြည့်စမ်း၊ (ကာမစ္ဆန္ဒ နီဝရဏ)။ ကာမ ဆိုတာဘာလဲတဲ့။ ကာမဆိုတာ အာရုံငါးပါးကိုခေါ်တယ်။ အခုမြင်ရတဲ့ဟာတွေက အာရုံတွေ။ အဲဒီအာရုံတွေကို ဆန္ဒမလုပ်နဲ့တော့။ မြင်ရင်တော့ မြင်ရုံပဲထား ၊ (မှန်ပါဘုရား)။ ဆန္ဒကြီးထည့်ပြီးတော့ဘာတွေ့ချင်လိုက်တာ၊ ဘာလုပ်ချင်လိုက်တာသွား မလုပ်နဲ့၊ ဟုတ်ကဲ့လား။ အဲဒါ ကာမတွေလို့ သိရုံသိရတယ်။ ဘယ်လိုသိမတုန်း၊ (သိရုံသိရပါတယ်ဘုရား)။

ဒါကြောင့် 'ရူပေစ ပဇာနာတိ' တဲ့။ အဲဒါ သိရုံသိလို့ပြောတာပဲ။ တကယ်လို့ သိရုံမသိဘဲနဲ့ သွားပြီးတော့ သူ့ကိုချစ်ခင်နှစ်သက်လိုက်မယ်ဆိုရင် ကာမစ္ဆဆန္ဒ ဖြစ်ပြီးတော့ တရားကဘာတရားဖြစ်သွားမလဲဆိုတော့ နီဝါရဏတရား သွားဖြစ်တယ်နော်။ အခုပဲ မဂ်ဖိုလ်နိဗ္ဗာန်တွေကို တားမြစ်သွားတယ်၊ (မှန်ပါ့ဘုရား)

www.burmeseclassic.com

www.burmeseclassic.com

နီဝရဏ ဆိုတာဘာတုန်း (တားမြစ်တယ်)။ မင်္ဂဖိုလ် နိဗ္ဗာန်တွေကို တားမြစ်သွားတယ်။အဲဒီနီဝရဏ မရှိအောင်လို့နေရတယ်။ ဟုတ်ကဲ့လား၊ (မှန်ပါ့ဘုရား )။

'ဣတိ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟာရတိ 'ဆိုစမ်း ၊ (ဣတိ ဓမေသု ဓမ္မာနုပဿီ ဝိဟာရတိ)။ မြတ်စွာဘုရား ဟောတာက အလွန်ကောင်းတာ ။ ဖြည်းဖြည်း လေးနဲ့ ဟောသွားတာ။ ဒကာမကြီးတို့က မကြည့်တတ်လို့ မစဉ်းစားတတ်လို့။ ကိုယ့်မှာ ဈေးနဲ့အိမ်၊ အိမ်နဲ့ဈေး ပဲပြေပြေးနေရတော့ ဘယ်မှာလာပြီး ဒီဉာဏ်တွေရမလဲ။ မရဘူးပေ့ါ။

ဒါကြောင့်ဒီဉာဏ်တွေ ရအောင် ကဲ ဆိုကြည့်စမ်း၊ 'ကာမစ္ဆန္ဒ နီဝရဏ' (ကာမစ္ဆန္ဒနီဝရဏ) ၊ **ဗျာပါဒနီဝရဏ'** (ဗျာပါဒနီဝရဏ)။ နီဝရဏတဲ့။ ဟော ကလေးတွေကလည်းဆူနေ ၊ ဈေးကလည်း သွားရဦးမယ် ။ကြွေးကလည်း လာတောင်းဦးမယ်လို့ စိတ်ပူနေတာ အဲဒါ 'ဗျာပါဒနီဝရဏ' ဆိုကြည့်စမ်း။(ဗျာပါဒနီဝရဏ) ။ အဲဒါ ဆိုလိုက်တာနဲ့ပဲ ဗျာပါဒနီဝရဏ ရှိမှန်းသိသွားတယ်။ ရှိမှန်း သိတော့ အဲဒီဆူပူတာတွေဆဲဆိုတာတွေကြားနေရပေမဲ့ အဲဒီဗျာပါဒနီဝရဏကမဖြစ်ဘူး။မရှိဘူးလို့ဆိုရင် အဲဒါ နိဗ္ဗာန်ရောက်သွားပြီး၊ (မှန်ပါဘုရား)။

**'ပဇာနာတိ - သိ၏' ဆို့ရင်သိရုံပဲ သိ. . .**

လောကမှာဗျာပါဒဖြစ်စရာတွေပြောပြောတတ်ကြတယ်။ ဗျာပါဒဖြစ်စရာတွေ ပြောတယ်ပေ့ါ။ ပြောပေ ပြောပြားသော်လည်း ဒီကမိမိမှာ ဗျာပါဒမရှိဘူးဆိုရင် 'နတ္ထိမေ အဇ္ဈတ္တံ ဗျာပါဒေါ နတ္ထိ တိ ပဇာနာတိ' တဲ့ မေ-ငါ၏ ၊ အဇ္ဈတ္တံ - အဇ္ဈတ္တ ၌ ဗျာပါဒေါ - ဗျာပါဒသည် ၊ နတ္ထိ - မရှိ။ ဣတိ - ဤသို့၊ ပဇာနာတိ-သိ၏ တဲ့၊ (မှန်ပါဘုရား)။

မြတ်စွာဘုရားတရားတော်က ပါဠိတော်ရှိတဲ့အတိုင်းပဲ၊ 'ပဇာနာတိ- သိ၏ 'ဆို့ရင် သိရုံပဲ သိရတယ် ၊သိရုံပဲသိ။ (မှန်ပါဘုရား)။ သူ့ဗျာပါဒကြီး သွားမျှားမနေနဲ့။ သွားပြီးတော့ ဆူပူပြီးဆဲဆဲပြီးမနေနဲ့ ၊ ဟုတ်ကဲ့လား။ အဲ ဒါကိုယ့်မှာ ဗျာပါဒရှိရင်ရှိမှန်း သိရုံလေးပဲ သိရတယ်။ သွားပြီးမလုပ်ရဘူး။ ထပ်ရှိအောင် သွားမလုပ် ရဘူး။ ရှိတယ်ဖြစ်တယ်လို့ပဲ သိရတယ်. (မှန်ပါဘုရား)။

အဲလိုလေး သိသိနေတော့မှ 'ဣတိ ဓမ္မေသု ဓမ္မာနုပဿီ' ဖြစ်တယ်။ အဲဒီမှာ 'ဓမ္မေသု'ဆိုတာ လောကုတ္တရာတရားရော လောကီတရားကိုရော ဓမ္မေသု လို့ခေါ်တယ် ၊ (မှန်ပါတယ်ဘုရား)။ လောကုတ္တရာတရားကို ဘာခေါ်လဲ ၊ (ဓမ္မေသုပါဘု ရား)။လောကီတရားကိုရော (ဓမ္မေသုပါဘုရား)။

'ဓမ္မေသု' ဆိုတာ အဲဒါလောကီနဲ့ လောကုတ်။ 'ဤဟာ လောကီဆိုစမ်း. . (ဤဟာလောကီ)၊ ၊ 'ဤဟာလောကုတ္တရာ' (ဤဟာလောကုတ္တရာ)၊လောကီစိတ် ကို 'ဤဟာ သဥတ္တရစိတ်'၊ ဆိုစမ်း (ဤဟာ သဥတ္တရစိတ်) ဤဟာအနုတ္တရစိတ် (ဤဟာအနုတ္တရစိတ်)။

အဲသလို အဲသလို လောကီနဲ့ လောကုတ္တရာကိုလည်း ကွဲရတယ်။ အဲဒီလို ခွဲခြမ်းတာမှ ပဋိသမ္ဘိ ဒါ

www.burmeseclassic.com

www.burmeseclassic.com

နဲ့တကွ ဖြစ်တဲ့ ဘာတွေဖြစ်သွားပြီလို့ပြောကြတာပေါ့။ အဲဒါဓမ္မာနုပဿနာတို့၊ သတိပဋ္ဌာန်တရားတို့ကို မြတ် စွာဘုရား ဟောပြီးတဲ့အဆုံးမှာ ရဟန္တာသုံးသောင်းလောက် ဖြစ်သွားကြတယ်။ တရားရသွားကြတယ်ပေါ့ ၊ (မှန်ပါ့ဘုရား)။ တရားရတယ်၊ မရဘူးဆိုတာကလည်း သူများမေးစရာ မလိုပါဘူး။ကိုယ့်ဟာကိုယ် နီဝရဏရှိသလား၊ မရှိ ဘူးလား ဒါလေးဘဲ ဂရုစိုက်ရတယ် ။( မှန်ပါဘုရား)။ ဒီပြင်ဟာတွေ သွားသွား ဂရုစိုက်နေလို့ ပရိတ်သတ် တွေမှာတရားမရဘူးဖြစ်နေတာ ဒီဟာသာဂရုစိုက်လိုက်ရင် ဟိုဟာမရှိတော့ဘူး ဟုတ်လား။ အဲဒီလိုရှိတာ၊ မရှိတာလေးပဲ ဂရုစိုက်ပေးပါနော်။ (မှန်ပါဘုရား)

**ပျင်းတာလေးကို အော် ဒါတရားလေးပါလား. .**

'ကာမစ္ဆန္ဒ နီဝရဏ 'ဆိုစမ်း (ကာမစ္ဆန္ဒ နီဝရဏ)၊ 'ဗျာပါဒ နီဝရဏ (ဗျာပါ ဒနီဝရဏ) ၊ **'ထိနမိဒ္ဓ နီဝရဏ'** ထိနမိဒ္ဓ နီဝရဏ) ။ အဲ ထိနမိဒ္ဓ ဆိုတာ ပျင်းရိ ထိုင်းမှိုင်းတာ။ ကိုယ့်ကိုယ် ကို ပျင်းတာလည်း ရှိလို့ ရှိမှန်းမသိကြဘူး။ ပျင်းရင် အိပ်ပစ်လိုက်တာပဲ။ ပျင်းတာကို အော်. . ဒါတရားလေးပါလားလို့ 'ဓမ္မေသု ဓမ္မာနုပဿီ'ဖြစ်အောင် ဟော 'ပျင်းတယ်' 'ပျင်းတယ်' အဲလိုလေး သိပေးဦးမှပေါ့။(မှန်ပါ့ဘုရား)။

ပျင်းနေရင် ဘာဖြစ်တုန်း နီဝရဏ ဖြစ်တယ်။ ပျင်းပြီးရင်ကော ဘာဖြစ်တုန်း၊ (နီဝရဏပါဘုရား)။ နီဝရဏဆိုတာဘာတုန်း။ မဂ်ဖိုလ်ကို တာမြစ်တက်တယ်။ 'တံခါးမင်းတုန်း' ကြီးလို 'မင်းတုန်း' ကြီးလို့တားမြစ်တာပေါ့၊ (မှန်ပါဘုရား)။ အဲလိုမှတ်နော်။ သို့မဟုတ် လို့ရှိရင် ကိုယ့်ဟာကို ပျင်းတာကို အပြစ်လို့ မထင်တတ်ကြဘူး။ အပြစ်လို့မမြင်တတ်ဘူး။ (မှန်ပါ့ဘုရား)။

'ကာမစ္ဆန္ဒ နီဝရဏ' (ကာမစ္ဆန္ဒ နီဝရဏ) ၊ ' ဗျာပါဒ နီဝရဏ' (ဗျာပါဒနီဝရဏ)၊ ထိနမိဒ္ဓ နီဝရဏ (ထိနမိဒ္ဓ နီဝရဏ)၊ ' ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ' (ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ)။ အဲဒါ 'ကွတိ ဓမေသု ဓမ္မာနုပဿီ' ပဲ။

ဈေးသွားရင်လည်း 'ဓမ္မေသု ဓမ္မာနုပဿီ' ' ဓမ္မကို ဓမ္မအတိုင်း ရှုမယ်' လို့ အဲဒါလေးတွေ ဆို ဆို သွား။ ဒါမှ ဘုရားလက်ထက်ကနှင့်တူမှာ။ အခုတော့ ဈေးသွားရင်သတိလက်လွတ် နဲ့။ သူ့မှာ ဗျာပါဒတွေ ချည်များနေတယ်။ ဆိုပြီးသွားတော့ဘာဘာညာညာ မတွေးတော့ဘူး၊ ဟုတ်ကဲ့လား ( မှန်ပါ့ဘုရား)။

**'ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ'၊** (ဥစ္စစ္စကုက္က စ္စနီဝရဏ)။ ဥဒ္ဓစ္စ ဆိုတာ ပျံ့လွင့်တာ။ ကိုယ့်ကိုယ်ကို ပျံ့လွင့် မှန်းသိတာပါပဲ။ ပျံ့လွင့်တာ ငါမဟုတ်ဘူး ဓမ္မပဲလို့ သိလိုက်ရင် ကိုပဲ 'ဓမ္မေသု ဓမ္မာနုပဿနာ ဖြစ်သွားတယ် ။ သိတာနဲ့ကိုပဲ ဓမ္မာနုပဿနာဖြစ်သွားတာ။ ဒီလိုမှမသိရင် ဥဒ္ဓစ္စ ကုက္ကုစ္စ တွေဖြစ်လို့ ရှိရင် ငါ့နှယ် ကုက္ကုစ္စ တွေများ လိုက်တာနဲ့ပဲ ' ငါ့နှယ် ' ဆိုတာ. . ဖြစ်သွားတယ်။ ကုက္ကုစ္စရှိတယ်လို့သိရင် ငါ့နှယ်ဆိုတာ မရှိ ဘူး။ အဲဒီကတည်းက ဒိဋ္ဌိက တစ်ခါတည်း ပြုတ်သွားပြီ။ အဲလို အဲလို ရှုပုံလေး. . (မှန်ပါဘုရား)။

www.burmeseclassic.com

**နိဝရဏဆိုတာ တားမြစ်တဲ့ဟာမျိုး. . .**

'ဥဒ္ဓစ္စ ကုက္ကစ္စ' ။ ဆိုစမ်း . . (ဥဒ္ဓစ္စ ကုက္ကစ) ဥဒ္ဓစ္စ ဆိုတာ ပျံ့လွင့်သည်။ ပျံ့လွင့်နေတဲ့စိတ်။ ဘာမှလဲ အရာမရောက်ဘူး။ သူ့ပျံ့လွင့်တာပဲ။ လွင့်နေတဲ့စိတ်ကို သိရင်သူ့မှာပထမတန်းဖြစ်တယ်။ လွင့်နေတော့သူက ဘာဖြစ်တုန်းဆိုတော့ နီဝရဏ ဖြစ်သွားတယ်။ ဘာဖြစ်သွားတုန်း (နီဝရဏသွားဖြစ်ပါတယ် ဘုရား) ။ နီဝရဏဆိုတာ တားမြစ်တဲ့ဟာမျိုး၊ မဂ်ဖိုလ်တို့ကို တာမြစ်တယ်။ (မှန်ပါဘုရား)။နီဝရဏ မဖြစ်တော့ မဂ်ဖိုလ်တွေကို တားမြစ် သေးသလား၊ (မတားမြစ်တော့ ပါဘူးဘုရား) မတားမြစ်တော့ သူက ဘာဖြစ်သွားတုန်းဆိုတော့ သူ့မှာဟို ကင်းဆိတ်တဲ့တရားသွားဖြစ်တယ်လေ ။ 'ဝိဝေက' တဲ့။

'ဝိဝေက နိဿိတံ' (ဝိရာဂနိဿိတံ)၊ အဲဒါတွေ ဖြစ်သွားတယ်။ ဝိရာဂဆိုတာ မဂ်ဖိုလ်ကို ခေါ်တယ်။ ဝိဝေက က နိဗ္ဗာန် ရတယ်၊ (မှန်ပါဘုရား)။

**အရှုတွေလွဲနေရင် ဓမ္မာနုပဿနာ မဖြစ်ဘူး။**

'နိဿရဏံ ဝိဝေကဥ္စ အသင်္ခတ မတံ တတ္ထာ ' ဆိုတာ နိဗ္ဗာန်ရဲ့ အနက် တွေပဲ။ ဝိဝေကဆိုတာ ˚နိဗ္ဗာန်ရဲ့အနက်တွေ။ ဝိဝေကဆိုတာ ဘာတုံး၊ (နိဗ္ဗာန်ရဲ့ အနက်ပါဘုရား)။အဲဒီနိဗ္ဗာန်တွေကို ကိုယ်က ဝေးအောင်လုပ်ပစ်တတ်တယ်။ ဘာကြောင့် တုန်းဆိုရင် ဓမ္မာနုပဿနာ ဓမ္မကိုရှုတဲ့အနုပဿနာမရှိလို့တဲ့ လူတွေရှု၊ဟိုအဝှါတွေသွားရှု ဘာတွေညာတွေ ရာဂဖြစ်စရာတွေသွားရှုလို့ပေါ့ အဲလို အရှုတွေကလွဲနေတော့ 'ဓမ္မ နုပဿနာ ဖြစ်ရဲ့လား၊ (မဖြစ်ပါဘူးဘုရား)။ဓမ္မ နုပဿနာကောဟုတ်ကဲ့လား (မဟုတ်ပါဘူးဘုရား)။ ဒါကြောင့် မဟုတ်တာတွေ မရှုနဲ့။ ဆိုစမ်း. . 'မဟုတ်တာတွေ အသာနေ ၊ ဟုတ်တာရှာဖွေ၊ နာမ်ရုပ်ကန္ဒြေ ငြိမ်ငြိမ်နေ၊ အဲလိုမှ ဒုက္ခ အရှိန်သေ။ အဲဒါ ဒုက္ခတွေအရှိန်သေ မယ့်နည်းပဲတဲ့၊ (မှန်ပါ့ဘုရား)။

'ဥဒ္ဓစ္စ ကုက္ကစ္စ နီဝရဏံ ' ဆိုစမ်း (ဥဒ္ဓစ္စ ကုက္ကစ္စ နီဝရဏံ)။ ဟောသွားလို့ရှိရင်တော့ သိတော့သိ တာပေါ့။ အခုလို ချချပေးတော့ နီဝရဏတွေ ကင်းသွားတယ်။ အရင်တုန်းကဆို တရားနာနေရင်းကို ပထမ တန်းကုသိုလ်တွေ လွှတ်ရတာ။. . (မှန်ပါ့ဘုရား)။ဒါကြောင့် နီဝရဏ တွေကင်းအောင် အဲလိုမှတ်ထား (မှန် ပါဘုရား။)

လူတွေမှာ 'ကုက္ကစ္စ' တွေက အလွန့်အလွန်ဖြစ်ကြတာ။ ဒီကနေ့ လုပ်ခဲ့မိတာငါမှားတယ်။ လုပ်ခဲ့မိ တာ ငါ့အမှားပါလား။ လုပ်ပြီတော့ ဘာမှလည်း မတတ်နိုင်တော့တဲ့အမှားကို သူ့မှာ မှားနေတယ်။ ဘာမှလည်း မတတ်နိုင်ဘူး။ အဲဒါ 'ဥဒ္ဓစ္စကုက္ကစ္စ နီဝရဏံ ' ဆိုစမ်း (ဥဒ္ဓစ္စ ကုက္ကစ္စ နီဝရဏံ) ၊ 'ဝိစိကိစ္ဆာ နီဝရဏံ' (ဝိစိ ကိစ္ဆာ နီဝရဏံ)၊ **ဝိစိကိစ္ဆာ နီဝရဏ** ဆိုတာကတော့ သို့လော သို့လောတွေးတော ယုံမှားတာပါ။ အဲသလိုလဲ မဆို တတ်။ ဆရာသမားက ပြောပေးလို့လည်းမဆို တတ်နဲ့ (မှန်ပါ့ဘုရား)။

အဝိဇ္ဇာက ဘာတုန်း၊ **အဝိဇ္ဇာနီဝရဏ** ။ အဝိဇ္ဇာ၊ ' အဝိဇ္ဇာ မာနံ ဣတ္ထိ ပုရိသာဒိ ဇဝေတီတိ အ

www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာ မာနံ ဣတ္ထိ ပုရိသာဒိံ ဇဝေတီတိအဝိဇ္ဇာတဲ့’ ။ အဝိဇ္ဇာ မာနံ- ပရမတ္ထ အားဖြင့်ထင်ရှားမရှိသော ၊ဣတ္ထိ ပုရိသာဒိံ - မိန်းမယောကျ်ား အစရှိသည်ကို ၊ ဇဝေတီတိ - စောတတ်၏။ ဣတိတသ္မာ - ထို့ကြောင့် ၊ မောဟော-ထိုမောဟသည် ကို အဝိဇ္ဇာ- အဝိဇ္ဇာမည်၏။ မောဟကိုအဝိဇ္ဇာခေါ်တယ်။မောဟကို ဘာခေါ်တုန်း (အဝိဇ္ဇာ ခေါ်ပါတယ်ဘုရား)။ အဝိဇ္ဇာကိုဘာခေါ်တုန်း၊ မောဟ ။ မောဟကိုဘာခေါ်တုန်း့ ၊ အဝိဇ္ဇာ။

မောဟဖြစ်ရင်လောဘဖြစ်တယ်။ မောဟဖြစ်ရင်ဒေါသဖြစ်တယ်။အဲဒီလောဘဒေါသနဲ့သေရင်တော့ ငရဲတို့တိရစ္ဆာန်တို့ပြိတ္တာတို့အသူရကာယ်တို့ဖြစ်တယ်။အင်းဆက်တို့ ငါးတို့ လိပ်တို့ ဘာတို့ဖြစ်တာတွေဟာ မောဟကိုမောဟမှန်းမသိကြလို့၊ (မှန်ပါဘုရား)။

**အဝိဇ္ဇာတစ်လုံးတည်းပိုင် တော်တော် ပထမတန်းကောင်း. . . .**

မောဟဆိုတာ သတ္တဝါတွေကိုပဲ အာရုံပြုတယ်။ မောဟဆိုတာ ဘာအာရုံပြုသတုန်း (သတ္တဝါတွေကို ပဲအာရုံပြုတယ်ဘုရား)။ ခွေးက ခွေးခြင်းပဲ အာရုံပြုတယ် ။ ခွေးက တခြားခွေးမြင်ရင် သူ့မှာကိုက်ဖို့ ပဲ အာရုံပြုနေတယ်။ အဟုတ်ဘူးလား။ လူကလဲ လူလူချင်းပဲ ရန်ထောင်မလို့သွားပြီးတော့ အာရုံပြုနေတယ် အဲဒီလို ရန်မထောင်ကျချင်နဲ့နော်။ ရန်ထောင်ချင်ရင်တော့ လူလူချင်းအာရုံပြုနေပြီ။ ယောကျ်ားကလည်း မိန်းမတွေကို ဟိုအဝှါပြုချင်တဲ့စိတ်နဲ့ပဲ အဲသလို အာရုံပြုတတ်တယ်။ ဟုတ်ကဲ့လား၊ (မှန်ပ့ါဘုရား)။ အဲဒါ ကာမစ္ဆနီဝရဏတွေ့ . ။ နောက်ထပ် ဘာလည်းဆိုတော့ ‘အဝိဇ္ဇာ’။ အဝိဇ္ဇာကဘာတုန်း ၊ (နီဝရဏပါဘုရား) အဝိဇ္ဇာဟာ ဘာတုန်း (နီဝရဏပါဘုရား)။ အဝိဇ္ဇာဟာနိဝါယဏ။ အဲဒီ **‘နီဝရဏ ခြောက်လုံးထဲက အဝိဇ္ဇာတစ်လုံးတည်းကို ပိုင်နိုင်တဲ့သူဟာ တော်တော် ပထမတန်း ကောင်းတဲ့ သူ**’အဲလိုမှတ်ထားနော် အဝိဇ္ဇာနီဝရဏကို၊ (မှန်ပါဘုရား)။

အဝိဇ္ဇာက ဘာအာရုံပြုတတ်သတုန်း၊ (ယောကျ်ားတွေ မိန်းမတွေကိုအာရုံပြုပါတယ်ဘုရား)။ အဝိဇ္ဇာဟာ ဘာအာရုံပြုတတ်တုန်း၊ (ယောကျ်ားတွေမိန်းမတွေပါဘုရား)။ ရာဂဖြစ်ဖို့ပဲအာရုံပြုတယ်။ အဲလိုဖြစ်လို့ရှိရင် ‘ အဝိဇ္ဇာနီဝရဏ’ ဆိုကြည့်စမ်း၊ ( အဝိဇ္ဇာနီဝရဏ )။

**ဒေါလေး မောလေးနဲ့လည်း လုပ်ပေး. . .**

အဝိဇ္ဇာနီဝရဏ ရှိတယ် ငါ့သန္တာန်မှာ။ ဆိုစမ်း . . ‘ငါ့သန္တာန်မှာ အဝိဇ္ဇာနီဝရဏ ရှိတယ်’ ၊ (ငါ့သန္တာန်မှာ အဝိဇ္ဇာ နီဝရဏ ရှိတယ် ) ။ ငါ့သန္တာန်မှာ အဝိဇ္ဇာ နီဝရဏ မရှိဘူး။ (ငါ့သန္တာန်မှာ အဝိဇ္ဇာ နီဝရဏမရှိဘူး ) ။အဲဒီလိုလေးဒေါလေးမောလေးနဲ့လည်းလုပ်ပေး။ ဒီလိုမှ မဟုတ်ရင် ဟိုကိလေသာက နိုင်တတ်တယ်။ ဝီရိယ မပါလို့ ရှိရင် ဟုတ်ကဲ့လား။ ဒါကြောင့် ဝီရိယထားပေးရတယ်နော်။ (မှန်ပါဘုရား)။

‘အဝိဇ္ဇာနီဝရဏ’ ဆိုစမ်း . . ၊ (အဝိဇ္ဇာ နီဝရဏ)။ အဝိဇ္ဇက ‘ဝိဒိတံ နဝိံဒတီတိ အဝိဇ္ဇာ’တဲ့ ‘ဝိဒိတံ - သိအပ်သော ပရမတ္ထ တရားတို့ကို ၊ နဝိံဒတိ- မသိတတ် ၊ဣတိတသ္မာ - ထို့ကြောင့် အဝိဇ္ဇာ

www.burmeseclassic.com

က 'ဝိဒိတံ နဝိ ဒတီတိ အဝိဇ္ဇာ'တဲ့။ **'ဝိဒိတံသိအပ်သော ပရမတ္ထတရားတို့ကို ၊ နဝိ ဒတိ-မသိတတ်၊ဣတိတသ္မာ- ထို့ကြောင့်၊ အဝိဇ္ဇာ-မည်၏တဲ့၊'။**

အဝိဇ္ဇာဟာ ဘာတုန်း၊ သိအပ်သော ပရမတ္ထကို မသိဘူးတဲ့။သိအပ်တဲ့ ပရမတ္ထကို မသိဘူး။ အဝိဒိတံ-မသိအပ်သော၊ ဣတ္ထိပုရိသာဒိ - မိန်းမယောကျ်ားအစ ရှိသည်ကို . . . ဟော သားကလေးသွားသတိရ ၊ သမီးလေး သွားသတိရနဲ့။ သတိရတော့ ပူတာပေါ့ ။ ဟိုကပူ ဒီပူပေါ့။ အဲဒါ အဝိဇ္ဇာနီဝရဏ ၊ (အဝိဇ္ဇာနီဝရဏ) ။သားကလေး ကလည်းဘာတုန်းဆိုတော့ အဝိဇ္ဇာနဝရဏဖြစ်စေတဲ့ အကြောင်းလေးပဲ။ သမီးလေးလည်း အဝိဇ္ဇာနီဝရဏ ဖြစ်စေတဲ့အကြောင့်လေးပါပဲ (မှန်ပါဘုရား)။

သေခါနီးမှာ အဝိဇ္ဇာလေးမရှိဘူး ဆိုလို့ရှိရင် အဲဒီလူဟာ နိဗ္ဗာန်တစ်ခါ တည်းရောက်တယ်။ သားလေး၊ သမီးလေး သာစိတ်ထဲမှာ မထားနဲ့။ ဒါကြောင့် ဓမ္မနုပဿနာဆိုတာဉာဏ် နဲ့သုံးပါလို့။ဉာဏ်နဲ့ အနေခိုင်းတာကို ခေါ်တာ။ ဟုတ်လား၊ ဘာနဲ့အနေခိုင်းတာတုန်း၊ (ဉာဏ်နဲ့အနေခိုင်းတာပါဘုရား) ဉာဏ်နဲ့အနေခိုင်းတာကို အခုတော့ဖြင့် မောဟနဲ့ချည်း သွားသွားနေနေတယ် (မှန်ပါ့ဘုရား)။

**တစ်မြို့လုံးနီးပါး မောဟနဲ့ချည်းပဲ. . .**

အခုလူတွေ လူတွေတော်တော်များများပဲ၊ တစ်မြို့လုံးနီးပါး မောဟနဲ့ ချည်းမနေဘူးလား (နေပါတယ်ဘုရား)။နေတော့ ရန်တွေဖြစ်၊ ဘာတွေဖြစ်နဲ့။ ရုံးရောက်ဂတ်ရောက်နဲ့၊ ပိုက်ဆံတွေလည်းကုန်နဲ့၊ ကောင်းကို မကောင်းပါဘူး။ တိုင်းပြည်တွေရော ဘာတွေရော ဘာနဲ့နေလို့တုန်း၊ (မောဟနဲ့နေလို့ပါဘုရား)။မောဟနဲ့နေလို့တဲ့။ မောဟပြီးလို့ရှိရင် လောဘလည်းရှိတယ် ။ ဒေါသလည်းရှိတယ်။ သားလဲရှိတယ် သမီးလဲရှိတယ်။ ရန်ဖြစ်မည့်တိုင်းပြည်တို့၊ နိုင်ငံရေးတွေဘာတွေလဲရှိတယ်ဟုတ်လား။ အဲဒါဘာရှိလို့တုန်းဆိုတော့မောဟရှိလို့။ ဘာရှိလို့တုန်းဆိုရင်(မောဟရှိလို့ပါဘုရား ) မောဟ ဘာကြောင့် ရှိတုန်း (အဝိဇ္ဇာရှိလို့ပါ ဘုရား)။

အဝိဇ္ဇာဆိုတာဘာတုန်း ၊ (မောဟပါဘုရား)။ အဝိဇ္ဇာဆိုတာ မသိအပ်တာကိုသိတာ။ အဝိဇ္ဇာဆိုတာ မသိအပ် တာကိုသိတာ ။ အဝိဇ္ဇာဆိုတာ ဘာတုန်း (မသိအပ်တာကိုသိတာ)။ အဲအဝိဇ္ဇာနီဝဏ ရှိတယ်။ (အဝိဇ္ဇာနီဝဏ ရှိတယ်။ )။ (အဝိဇ္ဇာနီဝဏ မရှိဘူး။) အဲဒီနှစ်ခုကို နားလည်ရင်တရားရပြီ။ အဲဒီနှစ်ခုလေးပဲ ဂရုစိုက်ပါ။ ဒီပြင်ဟာတွေ များများစားစားကြီးလုပ် စရာမလိုပါဘူး။ (မှန်ပါဘုရား)။အဝိဇ္ဇာနီဝရဏရှိတယ်ဆိုစမ်း. . (အဝိဇ္ဇာနီဝရဏ ရှိတယ်)။ အဝိဇ္ဇာနီဝရဏ မရှိဘူး ။ (အဝိဇ္ဇာနီဝရဏ မရှိဘူး)။

မိမိသန္တာန်မှာ ပေါ်လာပြီဆိုရင် ရှိတယ်။ ပေါ်လာပြီဆိုရင် ဖြစ်တယ်။ 'ဇာတ'တရားခေါ်တယ်။ 'ဇာတ' တရားလေးပေါ်မလာဘူးဆိုရင် မဖြစ်တာ။ မဖြစ်တာ အဇာတတရား၊ အဲတာတွေနဲ့ နိမိတ်တွေကို အာရုံမပြုဘူးဆိုရင် တစ်ခါတည်း နိဗ္ဗာန်ရောက်သွားတယ်။ အဲဒီလိုလေး နိဗ္ဗာန် ရောက်သွားအောင်၊

www.burmeseclassic.com

www.burmeseclassic.com

တရားလေးနာနာ ပေးကြ။ သိသိပေးကြ ဟုတ်ကဲ့လား (မှန်ပါဘုရား)။

**အဝိဇ္ဇာကို ရှိလို့ရှိမှန်းမသိကြဘူး. . .**

ဒီတော့ အဲဒီ အဝိဇ္ဇာက တစ်ခါတည်း သူက အဝိဇ္ဇာမာန် - ထင်ရှားမရှိသောမိန်းမယောကျ်ား အစရှိသည်ကိုတဲ့ ။ မင်းတို့ ယောကျ်ားတွေ အခုသေသွားရင် ဘာရှိသေးသတုန်း၊ ဘာမှမရှိဘူး။ မျက်စိမှိတ်ထားရင်ဘာရှိသေးသတုန်း ။ မိန်းမတွေ ရှိသေးသလား (မရှိပါဘူးဘုရား)။ မိန်းမတွေဆိုတာမျက်စိတွေ၊ နားတွေကိုခေါ်တာ။ (မှန်ပါဘုရား)။ မျက်စိမရှိဘဲဟောဟိုတိုင်ကြီးမှာ မိန်းမတွေရှိလား (မရှိပါဘူး ဘုရား) ။ မရှိမှ မရှိဘဲနဲ့။ မိန်းမတွေမရှိဘူး။ ရှိတယ်ထင်ပြီးတော့ မရှိတဲ့လူ တွေကို သဘောကျကျနေကြတယ် ဟုတ်ကဲ့လား ၊ (မှန်ပါဘုရား)။

အဲဒါလူတွေ မဟုတ်ဘူးတဲ့ (မှန်ပါတယ်ဘုရား)။ လူတွေ ယောကျ်ားတွေက ဘယ်ကလာသတုန်း ဆိုတော့ အဝိဇ္ဇာကလာတယ်။ ဘယ်ကလာသတုန်း (အဝိဇ္ဇာက လာပါတယ် ဘုရား)။ အဲဒီအဝိဇ္ဇာကို ရှိလို့ ရှိမှန်းမသိကြဘူး။ (မှန်ပါဘုရား)။

မေ-ငါ၏၊ သန္တာန်- သန္တာန်၌၊ အဝိဇ္ဇာနီဝရဏံ-အဝိဇ္ဇာနီဝရဏသည် အတ္ထိ-ရှိ၏။ အဝိဇ္ဇာနီဝရဏလို့ ရှိရင် ရှိတယ်လို့ ဒီလိုသိပေးပါ။ ရှိ့ရဲ့သားနဲ့ မရှိ ဘူးလို့ဟန်ဆောင် လို့လည်း မရပါဘူး၊ ကိုယ့်ကိုယ်ကို အသိဆုံးပဲကိုး။ သဘောတရားတွေကို ညာလို့မရဘူး။ မြတ်စွာဘုရားတရားက အလွန်ပထမတန်းကောင်းတာ (မှန်ပါဘုရား)။

အဝိဇ္ဇာနီဝရဏ ရှိတယ်။ ဆိုစမ်း . . (အဝိဇ္ဇနီဝရဏ ရှိတယ်)။အဝိဇ္ဇာနီဝရဏမရှိဘူး (အဝိဇ္ဇာနီဝရဏမရှိဘူး)၊ အဲတော့ အဝိဇ္ဇာဟာတစ်ခါတည်း သူက ထင်ရှားမရှိတဲ့မိန်းမတွေ၊ ယောကျ်ားတွေကို အာရုံပြုတတ်တယ်။ ထင်ရှားရှိတဲ့ ပရမတ္ထတွေကို အာရုံပြုတတ်ဘူး။ အဝိဇ္ဇာက အာရုံပြုလိုက်တော့ သူ့ကို ဘာခေါ်တုန်း ဆိုတော့ သေခါနီးကျတော့ 'အဝိဇ္ဇာနီဝရဏ ပရိက္ခတ္တေန' တဲ့၊ အဝိဇ္ဇာဖြင့် ခြံ့ရံတယ်တဲ့။ သေခါနီးမှာ ယောကျ်ားတွေ၊ မိန်းမတွေ၊ ကလေးတွေ ၊ လယ်ယာမြေတွေ သတိရပြီ ဆိုရင် အဝိဇ္ဇာခြံရံပြီလို့ သိတဲ့။ အဲလိုသိတော့ အဝိဇ္ဇာနီဝရဏ မခြံရံတော့ဘူး၊ မှန်ပါဘုရား။

**အဝိဇ္ဇာကြီးကခြံရံထားတာ. . .**

အခု ဆန္ဒလေးက စေတသိက်။ လောဘလေးက စေတသိက်။ စေတသိက်တရားတွေဟာ ဓမ္မတရားလေးတွေဟာ သခ်ီတခေါ်ပြီးတော့ ဖြစ်ပြီးပျက်သွားတဲ့ တရားလေး။ ဟိုမဖြစ်ပြီး မပျက်တဲ့တရား၊ နိဗ္ဗာန်တရားကိုတော့ အဲဒီအဝိဇ္ဇာကအာရုံမပြုတတ်ဘူး။ အာရုံမပြု တတ်တော့ သူ့ကို 'အဝိဇ္ဇာ ပရိက္ခတ္တေန' ဆိုစမ်း၊ အဝိဇ္ဇာပရိက္ခတ္တေန (အဝိဇ္ဇာပရိက္ခတ္တေန)။

အဲဒီလို ချပေးတာက ဘယ်လိုမှန်းမသိအောင်လို့ပါ။ အဝိဇ္ဇာခြံရံသော ၊ ခြံရံအပ်သော အဝိဇ္ဇာဖြင့်၊

www.burmeseclassic.com

အဝိဇ္ဇာခြံရံသော၊ ခြံရံအပ်သော အဝိဇ္ဇာဖြင့် ၊ အဝိဇ္ဇာခြံရံသဖြင့် ၊ ခြံရံအပ်သောအဝိဇ္ဇာဖြင့်တဲ့ ၊ အဝိဇ္ဇာက ဝိုင်းရံနေကြတာ။ ဒီပြင့်နေရာ (၃၁) ဘုံက ထွက်မသွားရအောင်လို့။ ဒီပြင့်နေရာမသွားရအောင် အဝိဇ္ဇာကြီးက ခြံရံထားတာ (မှန်ပါဘုရား)။

**အရင်းခံက တဏှာ. . .**

'တဏှာ နုသယ မူလကေန 'ဆိုစမ်း . . (တဏှာနုသယ မူလကေန)၊ 'တဏှာ နုသယ မူလေ ကေ န ' (တဏှာ နုသယ မူလကေန)။ တဏှာက အရင်းခံတယ်တဲ့။ တဏှာက အရင်းခံတယ် ။အဝိဇ္ဇာ ခြံရံတယ်။ သူက လူတွေ ဘာတွေလို့ သိတော့ ကို အဝိဇ္ဇာဆိုတာက ဟိုလူတွေ ဘာတွေလို့ အာရုံပြုတော့ကို ဒီလူရဲ့စိတ်ဟာထွက်မြောက် ရာဆိုတဲ့ နိဗ္ဗာန်ကို ရောက်နိုင်ပါ့မလား ၊ (မရောက်နိုင်ပါဘူးဘုရား)။ လူတွေဆီပဲ ရောက်ရောက်သွားတယ်။ ထွက်မြောက်ရာဆီကို မရောက်တော့ဘူး။

'အဝိဇ္ဇာ ပရိက္ခိတ္တေန ' ဆိုစမ်း. . (အဝိဇ္ဇာ ပရိက္ခိတ္တေန)၊ 'အဝိဇ္ဇာ ခြံရံသဖြင့်' (အဝိဇ္ဇာ ခြံရံသဖြင့်) အဝိဇ္ဇာ ခြံရံလို့ သူထွက်မြောက်ရာလမ်းမရှာတတ်ဘူး။ ဒါကြောင့် ထွက်မြောက်ရာလမ်းရှာတတ်အောင်လို့ 'အဝိဇ္ဇာ နီဝရဏရှိတယ်' ဆိုစမ်း ( အဝိဇ္ဇာ နီဝရဏရှိတယ် )။ အဲ ရှိမှန်းသိအောင် ထွက်မြောက်ရာလမ်းရှာတတ်အောင်လို့၊ ဒီလိုမှမဟုတ်ရင် လမ်းမရှာတတ်ဘူး။ အဝိဇ္ဇာ နီဝရဏကြီးနဲ့ ထွက်မြောက်ရာလမ်း ရှာလို့ ဘယ့်နှယ့်ရမတုံး၊ မရဘူးတဲ့။ ဒီဘုံဘဝတွေထဲပဲပြန်ရောက်မှာပဲ။ ဒီအဝိဇ္ဇာ နီဝရဏ ရှင်းပြီး ရှာလိုက်မှပဲ ထွက်မြောက်ရာရောက်သွားတယ်တဲ့၊ (မှန်ပါဘုရား)။

**ထွက်မြောက်ရာကို ရောက်ဖို့ အဝိဇ္ဇာမှန်းသိဖို့လို . . .**

'အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန ' ဆိုစမ်း. . (အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန)၊ 'တဏှာနုသယ မူလကေန' (တဏှာနုသယ မူလကေန )၊ 'သဠ်ါရေန ဇနိယမာနံ' (သဠ်ါရေန ဇနိယမာနံ)။ သဠ်ါရလေးဆိုတာက စေတနာ ကံကလေး။ အဲဒီ ကံကလေးက ဝိညာဏ်လေးကို ရွှံ့ထဲကို ခဲလေးထည့်လိုက်သလို တစ်ခါတည်း အမေ့ဝမ်းတည်းသွားရောက်တယ်။ နတ်ပြည်တွေဆီ သွားရောက်တယ်။ တိရိစ္ဆာန်ဝမ်းထဲကိုသွားရောက်တယ်။ အဲဒါဘာကြောင့်ဖြစ်တုန်းဆိုရင် အဝိဇ္ဇာနီဝရဏရှိမှန်း မသိ ကြလို့ ၊သိလို့ရှိရင် ရောက်စရာဘုံဘဝတွေ မရှိတော့ဘူး။(မှန်ပါ့ဘုရား)။

ဒါကြောင့် အဝိဇ္ဇာနီဝရဏ ရှိတယ် ။ ဆိုစမ်း. . ( အဝိဇ္ဇာနီဝရဏ ရှိတယ် )၊ အဝိဇ္ဇာနီဝရဏမရှိဘူး (အဝိဇ္ဇာနီဝရဏ မရှိဘူး) ။ အဲဒီလို ရှိမှန်း၊ မရှိ မှန်းသိလို့ရှိရင် အဲဒီတိရိစ္ဆာန်ဘဝတွေ၊ အပါယ်လေးဘုံဘဝတွေကနေလွန်မြောက်တယ်တဲ့ ။ထွက်မြောက်ရာကိုလည်း ရောက်တယ်လို့အဲလိုမှတ်ထားကြနော်။ (မှန်လှပါဘုရား)။

နောက်ပြီးတော့ ဆန္ဒတွေ ဥဒ္ဓစ္စတွေက ဘာတွေတုန်းဆိုတော့ စေတသိက်တွေ။ ဘာတွေတုန်း

www.burmeseclassic.com

www.burmeseclassic.com

(စေတသိက်တွေပါဘုရား)။ 'ဣဿာမစ္ဆရိယသံယောဇဉ် ' ဆိုစမ်း . .၊(ဣဿာမစ္ဆရိယ သံယောဇဉ်) ။ ဣဿာမစ္ဆရိယ ဆိုတာကလည်း စေတသိက်တွေပါပဲ။ ဣဿာမစ္ဆရိယက ဘာတုန်း ၊ (စေတသိက်ပါဘုရား)။ 'ဣဿာမစ္ဆရိယ သံယောဇဉ်' ဆိုစမ်း. . (ဣဿာမစ္ဆရိယ သံယောဇဉ်) ။'ကာမရာဂ သံယောဇဉ် '(ကာမရာဂ သံယောဇဉ် ) ၊ ဗျာ ပါဒ သံယောဇဉ် (ဗျာပါဒ သံယောဇဉ်) ၊ 'ထိနမိဒ္ဓ သံယောဇဉ် '(ထိနမိဒ္ဓ သံယောဇဉ်)။

အဲဒီ သံယောဇဉ် တွေကလွဲရင် ဒီပြင်ဟာတွေ အကုန်စေတသိက်တွေ ချည်းပဲ။ စေတသိက်ဆိုတာ သင်္ခတ တရားနော်။ သင်္ခတ တရားတွေမှန်း သိပြီးတော့ သင်္ခတ တရားမှန်းသိအောင်လုပ်ဖို့ကို အဲဒီအနား မှာပဲ နီးကပ်နီးကပ်နေပြီး ပြောနေရတာနော်။ သို့မဟုတ်လို့ရှိရင် အဲဒီသင်္ခတတရားဆီ မရောက်ဘဲ လူ တွေဆီ ရောက်ရောက်ပြီးတော့ လည်လည်နေတာနော်။ လူတွေဆီရောက်တာကလည်း အဝိဇ္ဇာနီဝရဏ ဟုတ်ကဲ့လား ။ အဲလိုမှတ်နော်၊ (မှန်ပါဘုရား)။

**သင်္ခတနှင့် သင်္ခါရ. . .**

သံယောဇဉ် ဆိုတာလည်း အတူတူပါပဲ။ သံယောဇဉ် ဆိုတာထက် စေတသိက်ဆိုတဲ့ သင်္ခတတရား ကို ပြောချင်တာပါ။ စေတသိက်ဆိုတာ ဘာသာတရားတုန်း (သင်္ခတတရားပါဘုရား)။

သင်္ခတတရားပြောတော့မှ 'သင်္ခတံ အဘိသင်္ခါရောန္တီတိ သင်္ခါရာ။ 'သင်္ခတ' ကို 'အဝိဇ္ဇာ' ကပြုပြင် လိုက်တော့ 'သင်္ခါရ' ဖြစ်သွားတယ်။ အဲဒါကြောင့် 'အဝိဇ္ဇာ ပစ္စယာ သင်္ခတံ အဘိသင်္ခါရောန္တီတိ သင်္ခါရာ' တဲ့။ **အဝိဇ္ဇာကနေပြီး သင်္ခတဆိုတဲ့စိတ် စေတသိက် ရုပ်တွေကို ပြုပြင်လိုက် တော့ သင်္ခါရဖြစ်သွားတယ်တဲ့။** အဲဒီ သင်္ခါရဖြစ်တာကို ငါလုပ်တယ်၊ သူလုပ်တယ် နဲ့ဆိုကြတယ်။ အဲလိုမဟုတ်ဘူးတဲ့၊ 'ကမ္မဿ ကာရကော နတ္ထိ' ဝိပါကဿစ ဝေဒကော' ဆိုတာတွေ ရှိတယ် ကံကိုပြုလုပ်တဲ့သူမရှိဘူး။ အကျိုးကို ခံစားတတ်တဲ့သူ မရှိဘူးတဲ့ ။အကျိုး'ဖြစ်' တာကိုသာ ခံစား တယ်လို့ခေါ်တာ ။ အကျိုးဖြစ်တာကို ဘာခေါ်သတုန်း (ခံစားတယ်လို့ခေါ်ပါတယ်ဘုရား)။

အကျိုးကို ခံစားတာမဟုတ်ဘူး။ အကျိုးကိုခံစားတဲ့ ယောကျ်ားပုဂ္ဂိုလ်၊ မိန်းမပုဂ္ဂိုလ် မရှိဘူး။ ယောကျ်ား ပုဂ္ဂိုလ် မိန်းမ ပုဂ္ဂိုလ်ရှိတယ်ဆိုပြီးတော့ အကျိုးခံစားတယ် ဆိုပြီးတော့ အိမ်ထောင်တွေပြု ၊ ဘာတွေ ပြုနဲ့ အဲဒါတွေမဟုတ်ဘူး။ ဒါ 'ဝိပါကဿစ ဝေဒကော' တဲ့။ အကျိုးကို ခံစားတတ်တဲ့သူမရှိဘူး။ အကျိုးဖြစ်တာကိုသာ ဆိုတယ်။ အကျိုးဖြစ်တာကို ဘာဆိုတုန်း။ ခံစားတယ်လို့ဆိုတယ် (မှန်ပါတယ်ဘုရား)။

သစ်ပင်အသီးသီးတော့ 'သီးတယ်' လို့ ဆိုတယ်။ ဝေဒနာဖြစ်တာ 'ဖဿပစ္စယာဝေဒနာ' ဝေဒနာဖြစ်တာပဲမဟုတ်ဘူးလား။ အဲဒီဖြစ်တာကို ခံစားတယ်လို့ဆိုပြီးတော့မင်းတို့ကတဏှာဖြစ်တာ၊ ခံစားတယ်လို့ မဟုတ်လို့ရှိရင် တဏှာမဖြစ်ဘူး၊ ဟုတ်လား (မှန်ပါ့ဘုရား)။ ဒါပေမယ့်လို့ ရှေးက အရိယာတွေဟာ အိမ်ထောင်တွေနဲ့၊ အဲဒါတွေဂရုစိုက်။ အိမ်ထောင်တွေနဲ့ အရိယာဖြစ်ကြတာ၊ ဒကာမကြီးတို့လည်း ဘာမှမပူနဲ့၊ ဘာမှမပူနဲ့။ အဝိဇ္ဇာနီဝရဏ ရှိတယ်လို့သာ အဲလိုဆိုလိုက်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတည်း ရသွားရော၊ (မှန်ပါဘုရား)။

အဝိဇ္ဇာနီဝရဏ ရှိတယ်။ ဆိုစမ်း (အဝိဇ္ဇာနီဝရဏ ရှိတယ်)။ အဝိဇ္ဇာနီဝရဏ ဘာဖြစ်လို့ရှိတုန်း ဆိုတော့ မျက်စိမှိတ်လိုက်ရင် အဝိဇ္ဇာကစိတ်ထဲမှာ မိန်းမတွေ၊ ယောက်ျားတွေပေါ်ပေါ်လာတယ်။ အဲဒီလို မပြောစေနဲ့။ နှာခေါင်းနား၊ လေနားဖြစ်ဖြစ် သတိကပ်ထား။ 'ပထဝီ ဖဿတိ ံနလဘတိ အဝိဇ္ဇာ' တဲ့။ ပထဝီ ဖဿတိ ံ - ပထဝီ ဖဿ အစရှိသည်ကို၊ နလဘတိ - မစွဲတတ်၊ ဣတိတသ္မာ ထို့ကြောင့် တဲ့. . . ။ မာတဲ့ပျော့တဲ့နေရာလေးက ပထဝီလေးပဲ။ ထိတဲ့နေရာလေးကဖဿလေး ပေ့ါ။

အဲဒါလေးနဲ့ တစ်ခါတည်း ကပ်ဆွဲရတယ် ။ စျာယတော-ကပ်၍ရှုသောတဲ့။အာတာပီစ - ပြင်းထန်သော ဝီရိယရှိသော ၊ မေ-ငါဘုရားအား၊ ပြဟ္မဏော-မကောင်းမှုကို အပပြုပြီးသောတဲ့။ အကုသိုလ်လည်း မရှိရဘူး။ တရားအားထုတ်တဲ့နေရာမှာ အကုသိုလ်လည်းမရှိရဘူး။ မေ- ငါဘုရာအား၊ ဓမ္မ-=တရားတို့ သည်၊ ပါတုဘဝန္တိ-ထင်ရှားဖြစ်ကုန်၏ တဲ့ အဲဒီ (၃) ခုတည်းပဲ ။ (မှန်ပါဘုရား)။

စျာယတော - ကပ်၍ရှုသော။ ဆိုစမ်း။. . (စျာယတောကပ်၍သော)၊ အာတာပီ - ပြင်းထန်သော ဝီရိယရှိသော)၊ ပြဟ္မဏဿ - မကောင်းမှုမရှိသော၊ (ပြဟ္မဏဿ-မကောင်းမှုမရှိသော )။ စုတေတုန်း နီဝရဏ မရှိရင် မကောင်းမှုမရှိဘူး။ နီဝရဏတွေရှိရင်တော့ မကောင်းမှုရှိတယ်။ အဲဒါကြောင့် နီဝရဏတွေကို အရင်ပြောရတယ်။ တရားကို အလယ်ပြောရတယ်။ နီဝရဏတွေကို အရင်ပြောထားတော့ သူဟာ ထမင်းချက်ရင်လည်း နီဝရဏမရှိဘူး။

သံယောဇဉ်ကလည်း 'ကာမရာဂ သံယောဇဉ် ' ဆိုစမ်း . . (ကာမရာဂ သံယောဇဉ်)၊ ဗျာပါဒ သံယောဇဉ် (ဗျာပါဒ သံယောဇဉ်)၊ ဘဝရာဂသံယောဇဉ် (ဘဝရာဂသံယောဇဉ် )၊ ထိနမိဒ္ဓ သံယောဇဉ် (ထိနမိဒ္ဓ သံယောဇဉ်)၊ ဥဒ္ဓစ္စကုက္ကုစ္စ သံယောဇဉ် (ဥဒ္ဓစ္စ ကုက္ကုစ္စသံယောဇဉ်) ၊ ဣဿာသံယောဇဉ် (ဣဿသံယောဇဉ်) ၊ မစ္စရိယ သံယောဇဉ် (မစ္ဆရိယ သံယောဇဉ်). .၊ အဲဒါ သံယောဇဉ်တွေ၊ မကောင်းတဲ့ဟာတွေဟာ သံယောဇဉ်တွေဖြစ်သွားတယ်။

အဲဒါဘာတွေတုန်းဆိုတော့ အစဆုံးဆိုတဲ့ ဣဿာတို့၊ ထိနမိဒ္ဓ တို့ပေ့ါ။ အဲဒါတွေဟာစေတသိက် တွေ။ အဲဒါတွေ ဘာတွေတုန်း (စေတသိက်တွေပါဘုရား)။စေတသိက်တွေဟာ ဘာတွေတုန်း၊ သင်္ခတတရား။ စေတသိက်တွေဟာ ဘာတွေ တုန်း၊ (သင်္ခတတရားပါဘုရား)။

သင်္ခါတတရားဟာ အကြောင်းကြောင့်ဖြစ်တယ်။ သင်္ခတတရားဟာ ဘာတုန်း ၊ (အကြောင်းကြောင့် ဖြစ်ပါတယ်ဘုရား )။ သင်္ခတတရားဆိုတာ အကြောင်းကြောင့်ဖြစ်တာ။ အကြောင်းမရှိလို့ရှိရင် အဲဒီဆန္ဒထဲ ကာမမရှိလို့ရှိရင် မဖြစ်ဘူး။သူ နိဗ္ဗာန်ဖြစ်သွားတာပဲ။ ဟုတ်တယ်မို့လား၊ (မှန်ပါဘုရား)။

www.burmeseclassic.com

**အကြောင်းကြောင့်ဖြစ်တာသင်္ခတ . . .**

သင်္ခတဆိုတာ ဘာကြောင့်ဖြစ်တာတုန်း။ အကြောင်းရှိလို့ဖြစ်တာ၊ သင်္ခတ ဆိုတာ ဘာဖြစ်တာတုန်း (အကြောင်းရှိလို့ဖြစ်တာပါဘုရား)။ အကြောင်းကြောင့် ဖြစ်တယ်။ အဲဒါကို သင်္ခတ ခေါ်တယ်။ နိဗ္ဗာန်ကြတော့အကြောင်း ရှိသေးလား၊ (မရှိတော့ပါဘူးဘုရား)။ အကြောင်းမရှိတာ နိဗ္ဗာန်။ အကြောင်းမရှိတာ ဘာတုန်း (နိဗ္ဗာန် ပါဘုရား)။

အဲသလို တရားကို လူတွေ စဉ်းစားတတ်အောင်၊ ဆင်ခြင်တတ်အောင် နှလုံးသွင်းတတ်အောင် ဟောမှ အဝိဇ္ဇာတွေက ကွာမှာ။အဝိဇ္ဇာကွာပြီးတော့ တစ်ခါတည်းဟန်မှာ။ သို့မဟုတ်လို့ရှိရင် ဘာမတွေး တတ် ၊ ညာမတွေးတတ်နဲ့ ဖြစ်တတ်တယ်၊ (မှန်ပါဘုရား)။

ကာမရာဂသံယောဇဉ် (ကာမရာဂသံယောဇဉ်)။ အဲဒီသံယောဇဉ်ရှိရင် လည်းရှိတယ်လို့သိရတယ် မရှိဘူးဆိုရင်လည်း မရှိဘူးလို့သိရတယ်။ ဓမ္မာနုပဿနာ ကဘာပြုလို့ ဓမ္မာနုပဿနာ ခေါ်တုန်းဆိုတော့ ဓမ္မဆိုတာက စေတသိက်၊ ဓမ္မဆိုတာကာဘာတုန်း (စေတသိက်ပါဘုရား)။

ကာယနုပဿနာက ကာယကို ဟောတယ်။ ဝေဒနာနုပဿနာက ဝေဒနာကိုဟောတယ် ။ စိတ္တာ နုပဿနာက စိတ်ကိုဟောတယ်၊ ဓမ္မာနုပဿနာကြတော့စေတသိက်ကို သွားဟောတယ် ။ ဟုတ်လား။ အဲ သူတို့လည်း ဓမ္မတာပါပဲ ၊ စေတသိက်က ဘာတွေတုန်း (ဓမ္မပါဘုရား)။ ဘာဓမ္မတုန်း၊ (သင်္ခတဓမ္မပါဘုရား) သင်္ခတဓမ္မ ဆိုတာ ဘာတုန်း။ အကြောင်းရှိရင်ဖြစ်တယ်။ (မှန်ပါဘုရား)။ အခုနားကြားတယ်ပေါ့။ အသံ ရှိလို့ ကြားတာဖြစ်တယ်။ အသံကိုတော့ မျက်စိနဲ့မြင်ရသလား။ (မမြင်ရပါဘူးဘုရား)။ ကဲမြင်လည်း မမြင် ရဘူး ။ အဲဒီလို အဘိဓမ္မာ သဘာဝဆိုတာ အဲလိုဟာမျိုး။ စဉ်းစာပေးရတယ်၊ မစဉ်းစားဘဲ မနေရဘူး။ စဉ်းစားမှုဉာဏ်ပေါ် တယ် အဲလိုမှတ်ထားနော် (မှန်ပါ့ဘုရား)။

'ဗျာပါဒသံယောဇဉ်' (ဗျာပါဒ သံယောဇဉ်) ၊ 'ထိနမိဒ္ဓ သံယောဇဉ်' (ထိနမိဒ္ဓ သံယောဇဉ်) ၊ 'ဥဒ္ဓစ္စ ကုက္ကုစ္စ သံယောဇဉ်' (ဥဒ္ဓစ္စ ကုက္ကုစ္စ သံယောဇဉ်) ၊ 'ဘဝရာဂသံယောဇဉ်' (ဘဝရာဂသံယောဇဉ်)၊ ဘဝရာဂ သံယောဇဉ် ဆိုတာက ဘဝက ဒီထိုင်နေတာကြီးတွေ မြဲတယ်လို့ထင်တာ။ သဿတဒိဋ္ဌိ နဲ့တကွ ဖြစ်တဲ့ရာဂ ကို ဒိဋ္ဌိနဲ့တကွ ဖြစ်တဲ့ရာဂကို 'ဘဝ ရာဂ' လို့ခေါ်တယ်။ ထိုင်နေတဲ့ ကိုယ်ခုနကတုန်းက ထိုင်နေတာလည်းငါပဲ။ အခုလည်း ငါပဲလို့ထင်တာ။ သဿတိဋ္ဌိနဲ့တကွ ဖြစ်တဲ့ရာဂကို ဒိဋ္ဌိနဲ့တကွ ဖြစ်တဲ့ရာဂကို 'ဘဝရာဂ' လို့ခေါ်တယ်။ ထိုင်နေတဲ့ကိုယ်က ခုနတုန်း ကထိုင်တာလည်းငါပဲ ။ အခုလည်းငါပဲလို့ထင်နေတာ ။ အဲဒီလို မဟုတ်ဘူး၊ (မှန်ပါဘုရား)။

ခုနတုန်းက ကာမစ္ဆန္ဒ ပျောက်ပျက်သွားပြီ။ နားကကြားခဲ့တာလည်း ပျောက်ပျက်သွားပြီ ။ သူက ဘယ်တော့မှ မြဲတဲ့ဟာမဟုတ်ဘူး။ အကုန်လုံးပဲ ဟုတ်ကဲ့လား ၊ (မှန်ပါ့ဘုရား)။ အဲလိုမှတ်ထား။

www.burmeseclassic.com

www.burmeseclassic.com

**ရှုပံဘိက္ခဝေ နတုံမှာကံ. . .**

'အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ' (အနုပ္ပန္န ဥပ္ပဇ္ဇန္တိ)။ မဖြစ်သေးတဲ့ဟာ သူ့ဟာသူ ဖြစ်လာတယ်တဲ့၊ဟုတ်ကဲ့လား 'ဥပ္ပန္နာစ နိရုဇ္ဈရေ' (ဥပ္ပန္နာစ နိရုဇ္ဈ ရေ)၊ အဲလို တရားပွဲထဲမှာ အဲလိုချချပေးရင်လူတွေ တစ်လုံးရရ၊ နှစ်လုံးရရ၊ တစ်လုံးရလည်း အပါယ် ကင်းတယ်။ တစ်လုံးရလဲ ဆိုဆိုနေပါ။ ဟိုရှေးရှေးတုန်းက 'ရှုပံဘိက္ခဝေ နတုံမှာကံ' ဆိုတာနဲ့ပဲ တစ်ခါတည်းတရားရသွားတယ်. (မှန်ပါဘုရား)။

'ရှုပံဘိက္ခဝေ နတုံမှာကံ' တဲ့။ ဘိက္ခဝေ - ရဟန်းတို့ ၊ရှုပံ - ရုပ်သည်၊ နတုံမှာကံ - သင်တို့ဥစ္စာမ ဟုတ်ဘူးလို့ ဒီလိုသခ်တတရားလို့ ဒီလိုပြောလိုက်တာနဲ့ပဲ နိဗ္ဗာန်ရောက်သွားတယ် ။ သခ်တတရားနော်။ သင်တို့ ဥစ္စာ မဟုတ်ဘူး။ အဲဒီစေတသိက်တွေ၊ ရုပ်တွေ၊ နားကြားတာတွေဟာ သင်တို့ဥစ္စာမဟုတ်ဘူး။

'ရှုပံဘိက္ခဝေ' ဆိုစမ်း . . (ရှုပံဘိက္ခဝေ)၊ 'နတုံမှာကံ' (နတုံမှာကံ)၊ 'ဝေဒနာဘိက္ခဝေ' (ဝေဒနာဘိက္ခဝေ)၊ 'နတုံမှာကံ' (နတုံမှာကံ)၊ 'သညာ ဘိက္ခဝေ' (သညာ ဘိက္ခဝေ)၊ 'နတုံမှာကံ' (နတုံမှာကံ)၊ 'သခ်ါရာဘိက္ခဝေ' (သခ်ါရာဘိက္ခဝေ)၊ 'နတုံမှာကံ' (နတုံမှာကံ)၊ 'ဝိညာဏ ဘိက္ခဝေ' (ဝိညာဏ ဘိက္ခဝေ)၊ 'နတုံမှာကံ' (နတုံမှာကံ)၊ အဲဒါတွေ နားတွေ၊ ကြားတာတွေ သင်တို့လည်းမဟုတ်ဘူး၊ သင်တို့ဥစ္စာလည်းမဟုတ်ဘူး . .။ 'တံပဇဟထ' တဲ့။ တံ-အဲဒီ သင်တို့လည်းမဟုတ်၊ သင်တို့ဥစ္စာလည်းမဟုတ်တာတွေကို ရှုကြတဲ့ အဲလိုဟောတယ်၊ (မှန်ပါဘုရား)။

**ရှုပံ- ရုပ်ကို ကြဲဖြန့်ပစ်လော့ ဖျက်ဆီးပစ်လော့ . .**

ရာခ-ရာခ ရဟန်းတဲ့၊ ရှုပံ - ရုပ်ကို၊ ဝိကိရထ - ကြဲဖြန့်ပစ်လော့တဲ့။ ဒကာကြီးတို့ ဒကာမကြီး တို့ ကြတော့ရုပ်တွေ ဟိုရောက်ဒီရောက် ရောက်သွားမှာ မကြောက်ဘူးလား၊ ကြောက်ပါတယ် ဘုရား။ မြတ် စွာဘုရားကတော့ ကြဲခိုင်းထားတယ်။ ဟုတ်ကဲ့လား။ ရုပ်ကိုကြဲဖြန့်ပစ်လိုက်တဲ့။

'ရှုပံ ရာခ ဝိကိရထ' ဆိုကြည့်စမ်း. . (ရှုပံ ရာခ ဝိကိရထ) ၊ရင်းနှီးအောင် လို့ပြောတာ၊ ဝိကိရထ- ကြဲဖြန့်ပစ်လော့တဲ့။ ဝိဒ္ဓံသေဌ - ဖျက်ဆီးပစ်လော့။ ဝိဂေရထ - မှုတ်လွှင့်ပစ်လော့။

'ရာဂဿ ဝိနယာယ ၊ ရာဂ ဝိနယာယ ' ၊ရာဂ ကုန်အောင် တဲ့။ ရာဂကုန် အောင် ရုပ်ကို ကြဲဖြန့်ပစ်လော့တဲ့. ရုပ်တွေရာဂ ဖြစ်စေတဲ့ရုပ်တွေ ကိုယ်မျက်စိထဲမှာပေါ်လာပြီ၊ ရာဂပုံသဏ္ဌာန် ပေါ်လာ ပြီဆိုရင် အဲဒီရုပ်ကို မှုတ်လွှတ်ပစ်လိုက်.

'ရှုပံ ရာခ ' ဆိုစမ်း . . (ရှုပံ ရာခ) ၊'ဝိဂေရထ' (ဝိဂေရထ) ၊ ဝိဂေရထ - မှုတ်လွှတ်ပစ်လိုက်။ ကလေးတွေ အရုပ်ဆော့ရင်း အရုပ်တွေကို ကြဲဖြန့်ပစ်သလိုပေ့ါဟုတ်လား၊ အဲလိုမှတ်ထား။ ကလေးတွေ ကစားတဲ့ ကစားစရာလေးတွေလို လုပ်ပစ်လိုက်တဲ့။ ကိုယ့်သန္တာန်မှာ အဲဒီလိုရုပ်မျိုး မထားနဲ့တဲ့၊ (မှန်ပါဘုရား).

www.burmeseclassic.com

**ပေါ်ရင်ပေါ်တဲ့ရာဂရုပ်ကို ဖျက်ဆီးပစ်လိုက်. .**

အဲဒါဘယ်ဟာတုန်းဆိုတော့ မျက်စိထဲမှာ ရာဂဖြစ်စရာရုပ်တွေပေါ်တတ်တယ်။ ပေါ်ရင်ပေါ်တဲ့ ရာဂရုပ်ကို ဖျက်ဆီးပစ်လိုက်၊ ပေါ်လာသေးလား ရာဂ၊(မပေါ်တော့ ပါဘူးဘုရား)။ ‘ ရာဂ ဝိနယာယ ’ ရာဂ ကုန်ခြင်းအကျိုးငှာ ဆိုစမ်း. . ‘ရာဂဝိနယာယ ’(ရာဂဝိနယာယ)၊ ‘ရာဂကုန်ခြင်း အကျိုးငှာ’ (ရာဂကုန်ခြင်း အကျိုးငှာ)၊ ‘ရူပံ ရုပ်ကို’ (ရူပံ ရုပ်ကို) ‘ဝိဂေရထ’ (ဝိဂေရထ)၊‘ကြဲဖြန့်ပစ်လော့’ (ကြဲဖြန့်ပစ်လော့)။

အဲ မျက်စိထဲမှေးနေလို့ရှိရင် ဟိုအတိတ်ကဟာတွေ၊ အနာဂတ်၊ ပစ္စုပ္ပန်အဲလိုတွေ မထားရဘူးနော်။ ‘ရူပံရာခဝိတ္တံ သေဋ္ဌ’ (ရူပံ ရာခဝိတ္တံသေဋ္ဌ)၊ ဖျက်ဆီးပစ်လော့၊ တစ်ခုခုဆိုတာပေါ့။ ဟိုလိုမရရင်လည်း‘ဝိတ္တံ သေဋ္ဌ’ (ရူပံ ရာခ ဝိတ္တံသေဋ္ဌ)၊ ဖျက်ဆီးပစ်လော၊ တစ်ခုခုဆိုတာပေါ့။ ဟိုလိုမရရင်လည်း ‘ဝိတ္တံ သေဋ္ဌ’ ၊ တစ်ခုခုဆိုတာနဲ့ကို ရာဂတွေ ကိုယ့်သန္တာန်မှာ ကင်းတယ်။ ဟုတ်သလား။ ရာဂကင်းအောင် ဘယ်လိုလုပ်ရမှန်းမသိကြဘူး။ အဲလိုလုပ်ရတာ။

‘ရူပံ ရာခ’ ဆိုစမ်း . . (ရူပံ ရာခ)၊ ‘ဝိဂေရထ’ (ဝိဂေရထ)၊ ‘ဝိတ္တံသေဋ္ဌ’ (ဝိတ္တံသေဋ္ဌ)၊ ‘ဝိကရဏီယံ ကရောထ’ (ဝိကရဏီယံကရောထ)၊ ဝရေးလုံးကြီးတင်ဝိ အစမှတ်ထားနော်။ ‘ဝိတ္တံသေဋ္ဌ’ ‘ဝိဂေရထ’ ‘ဝိက္ကဋ္ဌဏီယံ ကရောထ’။ အဲလိုမှတ်ထား ‘ဝိ’ ချည်းပဲ၊ (မှန်ပါဘုရား)။

‘ရူပံ ရာခ’ . . ရာခ ရဟန်းဆိုစမ်း (‘ရူပံ ရာခ’ . . ရာခ ရဟန်း)၊ ရူပံ-ရုပ်ကို၊ ဝိကိရထ-ကြဲဖြန့်ပြစ်လော့တဲ့။ ရာဂဝိနယာယ-ရာဂပယ်ဖျောက်ခြင်းအကျိုးငှာ ရူပံ-ရုပ်ကို၊ ဝိတ္တံသေဋ္ဌ-ဖျက်ဆီးပစ်လော့။ ခေါင်းထဲမှာပေါ်တဲ့ရုပ်ကိုပြောတာနော်။ စိတ်မှာပေါ်တဲ့ရုပ်ကိုပြောတာ။ အပြင်ကရုပ်ကိုပြောတာမဟုတ်၊ ခေါင်းထဲမှာ ပေါ်တဲ့ရုပ်ကို ဖျက်ဆီးပစ်တဲ့။ ခေါင်းထဲမှာ ပေါ်တဲ့ရုပ်ကို ဒီအတိုင်းမထားဘူး။ ငါ့သားလေးနှယ်နော် ဆိုပြီး ဘာများဖြစ်ပါလိမ့်၊ ညာများဖြစ်ပါလိမ့်နဲ့ စိုးရိမ်သောကဖြစ်တာတွေကလဲ ဒီကလာတာတွေ ဟုတ်ကဲ့လား၊ (မှန်ပါဘုရား)။

‘ရူပံ ရာခဝိဂေရထ၊ ဝိတ္တံသေဋ္ဌ’ ဒီထဲကတစ်ခုခုရအောင်ဆို။ ဖျက်ဆီးပစ်လော့ပေါ့ ဟုတ်လား။ ဝေဒနာ၊ ဝေဒနာကိုလည်း ဖျက်ဆီးပစ်ရမယ်တဲ့။ သညာကိုလည်း ဖျက်ဆီးပစ်ရမယ်။ နာမည်လေး အမှတ်ရလာလို့ရှိရင် ဖျက်ဆီးပစ်ရမယ်။ နာမည်လေးအမှတ်ရလိုက်လို့ ဒီအတိုင်းထားလိုက်မယ်ဆိုရင် ကိုယ့်မယ်သောကတွေနဲ့ ငိုတာတွေဘာတွေဖြစ်တတ်တယ်၊ (မှန်ပါဘုရား)။ အာသဝေါတရားတွေနဲ့ ငိုတာတွေဖြစ်တာပါ။ အာသဝေါတရားဖြစ်တာ၊ အာသဝေါတရားရယ်လို့ သူကမသိပါဘူး၊ (မှန်ပါဘုရား)။ အာသဝေါတရားကဘယ်လိုဖြစ်သလဲဆိုတော့ . .

www.burmeseclassic.com

www.burmeseclassic.com

## သတ္တဝါလို့ယူရင် အာသဝေါဖြစ်ပြီ . .

စက္ခုနာ-မျက်စိဖြင့်၊ ရူပံ-ရူပါရုံကို၊ ဒိသွာ-မြင်သည်ရှိသော်၊ အယံ-ဤရူပါရုံသည်၊ သတ္တော-သတ္တဝါသည်၊ အဿ-ဖြစ်၏၊ ဣတိ-ဤသို့၊ ယဏှတော-ယူသောပုဂ္ဂိုလ်အား၊ ဒိဋ္ဌာသဝေါ-ဒိဋ္ဌာသဝသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

ကဲ မျက်စိဖြင့် ရူပါရုံကိုမြင်လိုက်တာနဲ့ ဒီဟာသတ္တဝါပဲ၊ ယောက်ျားပဲ၊ မိန်းမပဲလို့ စိတ်ထဲယူလိုက်တာနဲ့ပဲ သူ့မယ်ဒိဋ္ဌာသဝဖြစ်ပြီ။ ကဲ ဒီမျက်စိကောင်းသေးရဲ့လား၊ (မကောင်းပါဘူးဘုရား)။ အဲဒါတွေမှတ်ထား။

ဒါကြောင့် မြတ်စွာဘုရားက စက္ခုကိုစောင့်စည်းတဲ့၊ ဟိုဟာတွေကြည့် ဒီဟာတွေမကြည့်နဲ့တဲ့။ တကယ် လူထင်လိမ့်မယ်၊ လူတွေမဟုတ်ဘူး။ ဒါကြောင့်ဆိုစမ်း . . 'မျက်စိမြင်တုံ ရူပါရုံ လူ့ပုံမမှတ်ရ' (မျက်စိမြင်တုံ ရူပါရုံ လူ့ပုံမမှတ်ရ)။ မြတ်စွာဘုရားက ရူပါရမ္မဏံ-ရူပါရုံသည်၊ စက္ခုဝိညာဏဓာတုယာ-စက္ခုဝိညာဏဓာတ်အား၊ အာရမ္မဏပစ္စယေနတဲ့ . . ဒီလိုဆိုရဲ့သားနဲ့ ဒကာမကြီးတို့ ဒကာကြီးတို့က လူတွေသတ္တဝါတွေပဲလို့ စိတ်ထဲထားနေတယ်။ စိတ်ထဲမထားရဘူး။

## မြတ်စွာဘုရားကို 'သတ္တဝိနာသက' ပုဂ္ဂိုလ်ကြီးလို့ ဆိုကြတယ် . .

သတ္တဝါတွေကို ဘာထဲ မထားရဘူး၊ (စိတ်ထဲမထားရဘူးဘုရား)။ ဉာဏ်ထဲလဲမထားရဘူး။ သတ္တဝါရှိတယ်ဆိုတာ ဉာဏ်ထဲမထားနဲ့၊ ဟုတ်ကဲ့လား။ မြတ်စွာဘုရားကို 'သတ္တဝိနာသက' ပုဂ္ဂိုလ်ကြီးလို့ ဆိုကြတယ် မဟုတ်လား။ သတ္တဝါကိုဖျက်ဆီးပြစ်တယ်လို့၊ (မှန်ပါဘုရား)။ ကိုယ့်ကိုယ်ကို သတ္တဝါလို့ထင်နေရင် သတ္တဝါသေရင် ဟိုဘဝဒီဘဝရောက်မှာပေါ့။ သတ္တဝါမဟုတ်ဘူး၊ သတ္တဝါလို့မယူဘူးဆိုတော့ ဘုံဘဝတွေရောက်သေးရဲ့လား (မရောက်ပါဘူးဘုရား)။

သင်္ခတပြီးရင် အသင်္ခတ။ သင်္ခတဆိုတာ ဘာတုန်းဆိုတော့ အကြောင်းကြောင့်ဖြစ်တယ်။ သင်္ခတဆိုတာ ဘာခေါ်တုန်း (အကြောင်းကြောင့်ဖြစ်ပါတယ်ဘုရား)။ ပြီးတော့ အသင်္ခတကြတော့ အကြောင်းမရှိတော့ဘူး။ ဖြစ်စရာမရှိတော့ဘူး။ အဲသလိုဟာမျိုး။ ဒါကြောင့် 'အဇာတံ' ခေါ်တယ်။ အဇာတံ ဆိုစမ်း . . (အဇာတံ) အဲဒါ နိဗ္ဗာန်ပေါ့။ 'အဇာတံ အကရဏံ နိဿရဏံ ပညာယတိ' တဲ့။

'ဒါကိုသိမှ အဓိတပ်၊ အဘိဆိုတော့ အပိုကွာ၊ အသိမှာတော့ အကုန်စင်သလိုပဲ' တဲ့၊ စာတွေမှာ အပုံပဲရှိပါတယ်။ အဲလိုမှတ်ထားနော် ဒကာမကြီးတို့။ နည်းနည်းလေး ဖြစ်ဖြစ် ရအောင်လို့ပါ၊ (မှန်ပါဘုရား)။

www.burmeseclassic.com

'အဝိဇ္ဇာ နီဝရဏံ' (အဝိဇ္ဇာ နီဝရဏ)၊ 'အဝိဇ္ဇာ သံယောဇဉ်' (အဝိဇ္ဇာ သံယောဇဉ်)။ အဲဒီလိုမြင်ပြီးလာလို့ရှိရင် သံယောဇဉ်ရှိတယ်၊ သံယောဇဉ်မရှိဘူးလို့ ကိုယ့်သန္တာန်မှာ သိနေမယ်ဆိုလို့ရှိရင် သေခါနီးအချိန်မှာ သံယောဇဉ်ရှိတယ် မရှိဘူး၊ မရှိဘူး ရှိတယ်လို့ သတိကပ်ထားပြီးတော့ နှာခေါင်းနား ကပ်ကပ်ပြီး လေလေးထုတ်။ လေလေးထုတ်အံ့။ 'နာဟု အဿဿ ပဿသော' (နာဟု အဿဿ ပဿသော)၊ 'ဋ္ဌိတ စိတ္တဿ တာဒိနော' (ဋ္ဌိတ စိတ္တဿ တာဒိနော)။ အဲဒါ ဘုရားတရားနဲ့ ရင်းနှီးအောင်လို့ပါ။ မရင်းနှီးဘဲ စိမ်း ..စိမ်းပြီးနေတော့ ရန်သူကြီးလိုဖြစ်သွားတတ်တယ်။ အဲဒါ မစိမ်းကြနဲ့၊ (မှန်ပါဘုရား)။

**ရာဂကုန်သွားရင် ဒုက္ခကုန်သွားပြီ . . .**

'ရာဂက္ခယာ' (ရာဂက္ခယာ)၊ 'ဒုက္ခက္ခယော'(ဒုက္ခက္ခယော)။ ရာဂကုန်သွားရင် ဒုက္ခကုန်သွားတယ်။ ဒုက္ခကုန်ရင်နိဗ္ဗာန်ပဲတဲ့၊ ဟုတ်လား။ (မှန်ပါဘုရား)။ တရားဟောတယ်ဆိုတာ အဲဒီနိဗ္ဗာန်ကိုသိအောင်လို့ တော်တော်ဟောယူရတာ။ (မှန်လှပါဘုရား)။

'ရာဂက္ခယာ' ဆိုစမ်း (ရာဂက္ခယာ)၊ 'ဒုက္ခက္ခယော'(ဒုက္ခက္ခယော)၊ ရာဂကုန်သွားရင် ဒုက္ခကုန်သွားပြီတဲ့။ ဆိုစမ်း 'ကာမရာဂ သံယောဇဉ်' (ကာမရာဂ သံယောဇဉ်)၊ 'ရှိတယ်' (ရှိတယ်)၊ 'မရှိဘူး' (မရှိဘူး)။ အဲဒီမရှိဘူးဆိုတဲ့ ဉာဏ်ကလေးက တခါတည်း ဖြတ်ဖြတ် ဖြတ်ဖြတ်ပေးလိုက်တာ၊ ဉာဏ်ဓါးလေးနဲ့ပေါ့။ ဉာဏ်ဓါးကလေးနဲ့ဖြတ်လိုက်တာ နောက်တော့တခါတည်းကို ဘယ်တော့မှ ပေါ်မလာတော့ဘူး၊ (မှန်ပါဘုရား)။ ပေါ်လာသေးတယ်ဆိုရင်တော့ ဉာဏ်ဓါးက တုံးသေးတယ်၊ ဓါးတုံးသေးတယ်လို့ အဲလိုမှတ်ထားကြ. . .။ BURMESE CLASSIC .com

အဲသလို 'ရာဂက္ခယာ ဒုက္ခက္ခယော' ဆိုသည့်အတိုင်း ရာဂကုန်၍ အလုံးစုံသော ဒုက္ခအပေါင်းမှ လွတ်ငြိမ်းသော သူတော်ကောင်းများ ဖြစ်ကြပါစေကုန်သတည်း . . . ။

အားလုံး သာဓုခေါ်ကြ . . . (သာဓု . . သာဓု . . သာဓု )[၃]

www.burmeseclassic.com

www.burmeseclassic.com

# သံသရာဒုက္ခဇာတ် အကုန်ရပ်သင့်ပြီ

- တို့ဘုရားသာသနာမှာ ‘နသတ္တော’ သတ္တဝါမရှိဘူးဆိုတဲ့ အသိတစ်လုံးဟာ အလွန်အမြတ်ဆုံးပဲ။
- သတ္တဝါရှိတယ်ထင်လို့ ရှိတယ်အယူရှိကြလို့ သံသရာဒုက္ခဇာတ်မသိမ်းကြတာ။
- သတ္တဝါမရှိ ဓမ္မအကြောင်းအကျိုးသာ အမှန်တကယ်ရှိပါလားလို့ သဘောဂဏ
  သဘောပေါက်ရင်ဖြင့် အလုံးစုံသော သံသရာဒုက္ခဇာတ် အကုန်ရပ်ပြီ။

**အလှူရှင်ဆုတောင်း**

အလုံးစုံသော ကောင်းကျိုးချမ်းသာတို့၏ အရင်းဇစ်မြစ်ဖြစ်သော
အမြတ်ဆုံး အသိဉာဏ် အလှူတော်ကြီးကို
သဒ္ဓါကြည်ဖြူ ပေးလှူရသော ကုသိုလ်ကြောင့်
အပူခပ်သိမ်း လျှင်စွာငြိမ်းခြင်းသည် စင်စစ်မသွေ ဖြစ်ပါစေသတည်း . . .။

www.burmeseclassic.com